# Voice of Burma

Published by Voice of Burma Information Group    Issue No. 725 AUGUST 30, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN
Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com

## ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ရှေ့နေများအဖွဲ့နဲ့ ၂ နာရီကြာ တွေ့ခွင့်ရ

**DVB ၊ ဩဂုတ် ၂၇ ။** ။ အကျယ်ချုပ်ကျခံနေရဆဲဖြစ်တဲ့ အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီနေ့သူ့ရှေ့နေအဖွဲ့နဲ့ ၂ နာရီကြာ တွေ့ခွင့်ရကြောင်း သိရပါတယ်။

အယူခံဝင်ရေးကိစ္စ၊ အထွေထွေကိစ္စနဲ့ အမေရိကန် လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်ရဲ့ ပြောဆိုချက်တွေအပေါ် သဘောထားတွေ ဆွေးနွေးဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတဦးဖြစ်တဲ့ ဦးညဏ်ဝင်းက ပြောပါတယ်။

“၁၂ နာရီခွဲကနေ ၂ နာရီခွဲထိ တွေ့ပါတယ်။ အချိန် ၂ နာရီ သတ်မှတ်ပေးထားပါတယ်။ တွေ့ရတဲ့ အဓိကအချက်က အယူခံကိစ္စပါ။ ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ခရိုင်တရားရုံးက အပြစ်တွေ့ရှိပြစ်ဒဏ်ပေးထားတာကို အယူခံဝင်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး မှုကြမ်းတွေယူသွားပါတယ်။ ဒီနေ့ ပြီးစီးအောင်ဆွေးနွေးနိုင်ပါတယ်။ ကျနော်တို့ အယူခံကို နောက်ရက်တွေမှာ စာရိုက်ပြီး တည်းဖြတ်ဦးမှာပါ။”

အယူခံကိုတော့ ရှေ့သတင်းပတ်မှာ တင်သွင်းဖို့ ရည်မှန်းထားတယ်လို့ ဦးညဏ်ဝင်းက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် ချမှတ်ထားတဲ့ ကန့်သတ်ချက် ၈ ခုဟာ အရင် ၆ နှစ် ပုဒ်မ ၁၀–ခ ထက် ပိုမိုတင်းကျပ်မှုတွေ ရှိနေတယ်လို့ ဦးညဏ်ဝင်းက ပြောပါတယ်။

“စည်းကမ်း ၈ ချက်နဲ့ ပတ်သက်ပြီး ကျနော်တို့ ရှေ့နေအဖွဲ့က စာရေး သားဖို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားတွေကို မှတ်သားလာပါတယ်။ ဒါကို စာရေးသားပြီး အာဏာပိုင်တွေကို တင်ပြမှာပါ။ ၁၀–ခ နဲ့ အိမ်မှာ ထိန်းသိမ်းတုန်းက မိသားစုနဲ့တွေ့ဆုံခွင့်၊ ဆေးစစ်ခွင့်ရတယ်။ အခုအဲ့ဒီအခွင့်အရေးမရဘူး။ တခြား စည်းကမ်းချက်တွေမှာ စာသားတွေက မရှင်းဘူး။ အဲ့ဒီစာသားတွေ အပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်က ဘယ်အခွင့်အရေးမှ မရသေးဘူး။ မိမိတွေ့ချင်တဲ့ ဧည့်သည်နဲ့ တွေ့ခွင့်မရသေးဘူး။ ဒါကြောင့် အရင်ထက် ပိုပြီးတော့ တင်းကြပ်တယ်လို့ပြောတာပါ။ ဦးညဏ်ဝင်း ဆက်ပြောတာက…

”အယူခံကိစ္စအပြင် နိုင်ငံရေးကိစ္စ၊ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ပြီး ပြန်သွားတဲ့ အမေရိကန် လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်ရဲ့စီးပွားရေးပိတ်ဆို့မှု၊ ရွေးကောက်ပွဲဝင်ရေး ပြောဆိုရေးသားချက်တွေနဲ့ ပတ်သက်ပြီး ပြောဆိုရေးသားချက်တွေဟာ အိုဘားမားအစိုးရဲ့ ပေါ်လစီလို့ မမြင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က မှတ်ချက်ပေးတယ်”။

မနက်ဖြန်မှာ အမေရိကန်လွှတ်တော်မှ လူသားချင်းစာနာမှု အကူညီပေးရေးဆိုင်ရာ ကျွမ်းကျင်သူ အရာရှိ ၃ ဦး အန်အယ်လ်ဒီနဲ့ ဆွေးနွေးဖို့ အမေရိကန်သံရုံးက အကြောင်းကြားထားတယ်လို့ ဦးညဏ်ဝင်းကပြောပါတယ်။ လူသားချင်း စာနာမှုကို အန်အယ်လ်ဒီဘက်က အပြည့်အဝ လက်ခံထားပြီး တကယ်ပေးတဲ့အခါမှာ တကယ်လိုနေတဲ့ လူတွေ လက်ထဲရောက်အောင် ဘယ်လိုပေးမလဲ၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ လွတ်လပ်စွာ စစ်ဆေးခွင့်ရှိမှုတို့ကို ဘယ်လိုလုပ်မလဲ ဆိုတာနဲ့ ပတ်သက်ပြီး မနက်ဖြန် အစည်းဝေးမှာ သူတို့ပါတီက ဆွေးနွေးမှာဖြစ်တယ်လို့ ဦးညဏ်ဝင်းက ပြောပါတယ်။

## အမေရိကန်အရာရှိများနဲ့ NLD ဗဟိုအဖွဲ့ဝင် တွေ့ဆုံ

**VOA ၊ ဩဂုတ် ၂၈ ။** ။ မြန်မာနိုင်ငံကို ၄ ရက်ကြာခရီးစဉ်အဖြစ်နဲ့ ရောက်ရှိနေတဲ့ အမေရိကန် အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ အရာရှိ ၃ ဦးဟာ ဒီကနေ့နေ့လည်က NLD ပါတီက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ NLD ပြောခွင့်ရ ဦးအုန်းကြိုင်က VOA ကိုပြောပါတယ်။

အခုလိုလာရောက်တာဟာ နအဖစစ်အုပ်စုအပေါ် ပိတ်ဆို့ဒဏ်ခတ်အရေးယူမှုတွေ ချမှတ်ထားတဲ့ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ မူဝါဒတွေကို ပြန်ပြောင်းသုံးသပ်နေရာမှာ အထောက်အကူဖြစ်စေဖို့ရည်ရွယ်ထားကြောင်း ရန်ကုန်မြို့ အမေရိကန်သံရုံးပြောခွင့်ရပုဂ္ဂိုလ်က ပြောပါတယ်။ အခု တွေ့ဆုံရာမှာတော့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ပြီး မေးမြန်းဆွေးနွေးခဲ့တဲ့အပြင် အခုထိ အထိန်းသိမ်းခံနေရဆဲဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ကိစ္စနဲ့ NLD အဖွဲ့ရဲ့ရပ်တည်ချက်တွေကို NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်တွေနဲ့

**စာမျက်နှာ ၈ သို့**

**ကိုးကန့်တပ်ဖွဲ့နှင့် နအဖစ် တပ်အကြား ပြည်တွင်းစစ်ကြီး စတင်ဖြစ်ပွား** — **စာမျက်နှာ ၂**

**ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပြီး ဆွေးနွေးပွဲစရန် ဝါရင့်အဖွဲ့ တောင်းဆို** — **စာမျက်နှာ ၄**

**ကုန်ဈေးနှုန်းကျဆင်းရေး အဖွဲ့ဌဝင်များကို ထောင်ဒဏ် ဆက်ပေးနေဆဲ** — **စာမျက်နှာ ၁၀**

**ဒေါ်စု ဥပဒေအရလွတ်နေ ရမှာဖြစ်ပေမယ့် ပိုမိုတင်းကျပ်တဲ့ နေအိမ်ချုပ် ကျခံနေရ** — **စာမျက်နှာ ၁၄**

**တိုင်းရင်းသားလက်နက်ကိုင် တပ်ပေါင်းစုက စစ်ရေးအရှိန် မြှင့်မည်** — **စာမျက်နှာ ၁၆**

VOB အာဘော်

# ၂၀၁၀ အတွက် မဝေဝါးစေရေး

ယခုအခါ မြန်မာနိုင်ငံတွင်း၌ရော၊ နိုင်ငံတကာအသိုင်းအဝိုင်းအကြားတွင်ပါ ၂၀၁၀ ရွေးကောက်ပွဲကိစ္စကို အတော်လေးပြောဆိုဆွေးနွေးကာ သဘောထားထုတ်ခြင်း၊ လေသံပစ်ခြင်းများပြုလုပ်လျက်ရှိသည်။ ကနဦးက နအဖ အား ရွေးကောက်ပွဲသည် တရားမျှတ၍ အားလုံးပါဝင်သောရွေးကောက်ပွဲဖြစ်ရမည်ဟုပြောဆိုကြသည်။ ထိုအတွက် နအဖက လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်စေရမည်ဟု တရားဝင်ထုတ်ဖော်ပြောဆိုခဲ့သည်၊ အားလုံး ပါဝင်သောရွေးကောက် ပွဲဖြစ်စေရမည်ဆိုသည့်စကားရပ်ကို သုံးစွဲခြင်းမရှိသလို၊ ကတိပေးခြင်းလည်းမရှိပေ။

ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ထပ်မံချလိုက်ခြင်းက ၂၀၁၀ ရွေးကောက်ပွဲသည် အား လုံးပါဝင်သောရွေးကောက်ပွဲဖြစ်ဖြစ် မဖြစ်ဖြစ် အရေးမစိုက်ဆိုသည့်သဘောဖြစ်သည်။ မြန်မာ့အရေးလေ့လာနေ သူများ၊ မြန်မာ့အရေးတွင်ပါဝင်လုပ်ဆောင်နေသောနိုင်ငံများက နအဖနှင့်အတိုက်အခံဖြစ်နေသော နိုင်ငံရေးပါတီများ အင်အားစုများအနေဖြင့် ရွေးကောက်ပွဲဝင်သင့်သည်၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ရွေးကောက်ပွဲဆို သည်မှာ ကနဦးခြေလှမ်းများထဲမှ တလှမ်းဖြစ်သည်မှာ အငြင်းပွားရန်အကြောင်းမရှိပေ။ မြန်မာနိုင်ငံတွင် နအဖက အဓမ္မရေးဆွဲ အဓမ္မအတည်ပြုထားသည့် ၂၀၀၈ အဓမ္မဖွဲ့စည်းပုံအခြေခံဥပဒေရှိနေသည်။ ထိုဥပဒေထဲတွင် စစ်တပ် က နိုင်ငံရေးအာဏာကို အတင်းအဓမ္မယူခြင်းကို အာမခံချက်ပေးထားသည်။ စစ်တပ်က မြန်မာနိုင်ငံကို အဓမ္မအုပ်ချုပ်လာနေခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာရှိ နေပြီဖြစ်သည်၊ ထိုအဓမ္မနည်းများက တိုင်းပြည်တွင်းတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကို မည်မျှပေးစွမ်းနိုင်ခဲ့ပြီဖြစ်သနည်း။ ဤသည်ကို မြန်မာ့အရေးနှင့်ဆက်နွယ်နေသော ကိုယ်တိုင်ကိုယ်ကျပါဝင်လှုပ်ရှားနေသူတိုင်း သိရန်လိုအပ်သည်။

နိုင်ငံတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသက်ဖြစ်သည်။ နိုင်ငံ၏ပင်မသွေးကြောဖြစ်သည်။ ဤပင်မသွေးကြောကြီးတွင် စစ်တပ်က အဓိကကျသော သွေးကြောများတွင်ပါဝင်လှုပ်ရှားနေသည်၊ ပြည်သူလူထု၏အခန်းမှာ အဓိကနေရာတွင်မရှိ၊ ဒီမိုကရေစီဆိုသည်မှာ လူထုက အရှင်သခင်ဖြစ်သည်။ သို့သော် ၂၀၁၀ ရွေးကောက်ပွဲအရပေါ်လာမည့်လွှတ်တော်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ လုံးဝမရသည်ထက်စာလျှင် နည်းနည်းရသည် ကပိုကောင်းသည်ဟူသော အယူအဆသဘောထားများပေါ်ထွန်းနေသည့်အတွက် ရွေးကောက်ပွဲအရင်ဝင်ပြီးမှ တဖြည်းဖြည်းချင်းပြောင်းလဲ ယူ၍ရသည်ဟူသောနည်း လမ်းဖြင့် သွားလျှင်မြန်မာ့အရေးသည် ပြေလည်လိမ့်မည်ဟု ထင်နေကြသည်။ လွန်စွာမှားယွင်းကာ ကြောက်မက်ဖွယ်ကောင်းသည့် အယူအဆသဘောထားဖြစ်သည်။ မြန်မာပြည်သူပြည်သားများကို၊ မြန်မာနိုင်ငံကို စစ်တပ်ကျွန်အဖြစ်ထားရှိခြင်းကို အာမခံချက်ပေးခြင်းဖြစ်သည်။ ထောက်ခံခြင်းဖြစ်သည်။

မရသည်ထက်စာလျှင် နည်းနည်းရသည်က ပိုကောင်းသည်ဟုယုံကြည်ကာ ရွေးကောက်ပွဲဝင်သူများကြောင့် ၂၀၁၀ ရွေးကောက်ပွဲဖြစ်မြောက်ပြီး တိုင်းပြည်ဒီမို ရေစီမထွန်းကားလျှင် ထိုသူများသည် သားစဉ်မြေးဆက်အလိုက် သမိုင်းတရားခံအဖြစ်သတ်မှတ်ခံရမည်ဖြစ်သည်။ နှစ်ပေါင်း ၂၀ ကျော်ကြာလာသည့်တိုင် စစ်အာ ဏာရှင်နအဖအကြောင်းနားမလည်သေးပေ။ စစ်အာဏာရှင်နအဖကို ယုံကြည်လျှင် ယုံကြည်သူ၏အမှားသာဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ၂၀၁၀ ရွေးကောက် ပွဲနှင့်ပတ်သက်၍ ဝေဝါးခြင်းမရှိစေရန်နှင့် ရှင်းလင်းပြတ်သားစွာရှုမြင်ကြရန် တိုက်တွန်းလိုက်ရပေသည်။

# ကိုးကန့်တပ်ဖွဲ့နှင့် နအဖစစ်တပ်အကြား ပြည်တွင်းစစ်ကြီး စတင်ဖြစ်ပွား

**DVB၊ ဩဂုတ် ၂၇ ။** ။ ၂၀၀၉ – ၄ ရက် ဆက်တိုက်တင်းမာမှုတွေ ဖြစ်နေတဲ့ ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့နဲ့ နအဖတပ်တွေကြား ဒီနေ့ တိုက်ပွဲတွေစဖြစ်နေပြီလို့ သိရပါတယ်။

ကိုးကန့်နဲ့ နအဖအကြား ဒီနေ့အနည်းဆုံး တိုက်ပွဲ ၃ ကြိမ်ဖြစ်ပွားပြီး ၂ ဖက် အကျအဆုံးတွေရှိနိုင်တယ်လို့ တရုတ်–မြန်မာနယ်စပ် အခြေစိုက်ငြိမ်းအဖွဲ့တွေနဲ့ နီးစပ်သူ စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ပြောပါတယ်။ ပထမ တိုက်ပွဲဖြစ်တဲ့နေရာက တရုတ်နဲ့ ကိုးကန့်နယ်စပ် ရန်လုံကျိုင်း နယ်စပ်ဂိတ်မှာ ဖြစ်ပြီး အာဏာသိမ်းအဖွဲ့နဲ့ပေါင်းပြီး ဝင်လာတဲ့ နအဖ ရဲ ၂၀ လောက် စခန်းထိုင်နေတဲ့ နေရာကို ဥက္ကဋ္ဌဖုန်ကျားရှင် လက်အောက်ခံတပ်တွေက သွားရောက်မောင်းထုတ်ရာကနေ ပစ်ခတ်မှုစခဲ့တာလို့ အောင်ကျော်ဇောက ပြောပါတယ်။

"သူတို့ ထွက်ပြေးသွားတယ်။ စစ်ပွဲလည်း ဖြစ်ဖို့များတယ်။ တယောက်သေ၊ တယောက်ဒဏ်ရာရတယ်။ ရဲ ၇ ယောက် တရုတ်ပြည်ထဲ ဝင်သွားတယ်။ မြန်မာအချိန် ၁ နာရီလောက်မှာ စစ်တပ်က လောက်ကိုင်ဘေးက ရွာတချို့မှာ ရွာသားတွေက ထွက်ပြေးသွားတော့ အိမ်တွေ ဖောက်ဝင်ကြတယ်။ ဖုန်ကျားရှင် တပ်မဟာ ၄ က အောက်ဘက်ကို ဆင်းသွားတယ်။ အဲ့ဒီရွာတွေ အခြေအနေကို ကြည့်ရင်းနဲ့ ပက်ပင်းတိုက်ပွဲဖြစ်တယ်နဲ့တူတယ်၊ တိုက်ပွဲအခြေအနေ အခိုင်အမာ မသိဘူး။ အမြောက်သံ၊ သေနတ်သံကြားလို့ပါ၊ ချင်းရွှေဟော်နား ဝ နယ်စပ်နားမှာဖြစ်တာပေါ့။ ဒီပွဲတွေမှာ ဝ မပါသေးဘူး။ ချင်းရွှေဟော်နားက တိုက်ပွဲက နည်းနည်း ပြင်းထန်တယ်တဲ့။ စခန်းတခုကို ဖုန်ကြားရှင် တပ်ကရတယ်တဲ့။"

အဲဒီဒေသဟာ နအဖတပ်တွေနဲ့ ဝ ငြိမ်းချမ်းရေးတပ်တွေကို နယ်မြေခွဲထားတဲ့ ဒေသ၊ ဆက်သွယ်ရေးလမ်းကြောင်းအတွက် အရေးပါတဲ့ဒေသ ဖြစ်တာကြောင့် ဝ တွေပါ ဒီတိုက်ပွဲထဲ ပါလာနိုင်တဲ့ သဘောမျိုးရှိနေတယ်လို့ ကိုးကန့်နဲ့ ငြိမ်းချမ်းရေးလုပ်စဉ်က ကိုယ်တိုင် ပါဝင်ခဲ့ဖူးသူ စစ်ထောက်လှမ်းရေးအရာရှိဟောင်း ဗိုလ်မှူးအောင်လင်းထွဋ်က ပြောပါတယ်။

"ဖုန်ကျားရှင်ရဲ့ နောက်မှာ ဝ တပ်ရှိတယ်။ ချင်းရွှေဟော်က ဗမာအစိုးရနဲ့ တိုင်းရင်းသားအဖွဲ့တွေကို သတ်မှတ်ပေးထားတဲ့ နယ်ခြားမျဉ်းပဲ။ ချင်းရွှေဟော်ကို ပိတ်လိုက်ရင် အစိုးရတပ်တွေက ဒီဘက်မှာ ဆက်သွယ်ရေး လမ်းကြောင်းတွေ ပိတ်မိသွားလိမ့်မယ်။ မုန်းကုန်းတို့၊ ကုန်းရမ်းတို့ဘက်က ထွက်ရခက်တယ်။ ဟိုဘက်မှာ တရုတ်ပြည်ရှိတယ်။ ဖုန်ကျားရှင်အဖွဲ့ စစ်ဖြစ်လာပြီဆိုရင် ဝ အဖွဲ့၊ စိုင်းလင်းတို့ အဖွဲ့တွေ တခါတည်း ပါလာလိမ့်မယ်။ အဲ့ဒီတကြောက သေနတ်သံမြည်ပြီဟော့ဆိုရင် စဖြစ်ပြီ။ ဖုန်ကျားပုတို့ကလည်း ချင်းရွှေဟော်ကို သိမ်းပြီဆိုရင်တော့ ဗမာစစ်တပ်နဲ့ ကျိန်းသေတိုက်ပွဲတွေ ဖြစ်လာမှာ သေချာတယ်။"

ငြိမ်းတပ်ပေါင်းစုနဲ့ နအဖအကြား တိုက်ပွဲဖြစ်ရင် နယ်စပ်မျဉ်း တဘက်ကမ်းမှာရှိတဲ့ တရုတ်အစိုးရအနေနဲ့ အခုထွက်ပြေးလာနေတဲ့ ကိုးကန့်နယ်က ဒုက္ခသည်တွေ၊ ဒီမနက်က တရုတ်နယ်ထဲ ကျွံဝင်လာတဲ့ နအဖရဲသား ၇ ဦးကိစ္စတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းနိုင်သလဲဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ဦးအောင်ကျော်ဇောက ပြောပါတယ်။

"ကုန်လုံဘက် တက်လာ၊ သိန္နီဘက်မှာတက်နေ၊ လာရှိုးတက်လာတဲ့လူတွေ မနည်းဘူး။ တချို့ မူဆယ်အထိ အိမ်ထောင်စုပြောင်းလာတဲ့ သူတွေရှိတယ်။

**စာမျက်နှာ ၇ သို့**

# ကိုမင်းကိုနိုင်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပြောဆိုဆွေးနွေးခြင်းမရှိ

**RFA | ဩဂုတ် ၂၉ ။** ။ စစ်အုပ်စုတာဝန်ရှိသူတွေက ထောင်တွင်းမှာရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ၂၀၁၀ ရွေးကောက်ပွဲကိစ္စအတွက် လိုက်လံဆွေးနွေးနေတယ်ဆိုပေမယ့် ၈၈ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကိုတော့ အခုအခ ချိန်အထိ တစုံတရာပြောဆိုဆွေးနွေးခြင်း မရှိဘူးလို့ သိရပါတယ်။

ပြီးခဲ့တဲ့သတင်းပတ်က ကျိုင်းတုံထောင်မှာ အကျဉ်းကျနေတဲ့ ၈၈ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကို ထောင်ဝင်စာသွားတွေ့ခဲ့တဲ့ အမဖြစ်သူက အခုလိုသတင်းတွေထွက်ပေါ်နေတာနဲ့ ပတ်သက်ပြီး ကိုမင်းကိုနိုင်ကိုမေးမြန်းကြည့်ခဲ့ကြောင်း၊ ကိုမင်းကိုနိုင်အနေနဲ့ သူတို့ကျိုင်းတုံထောင်က နိုင်ငံရေးအကျဉ်းသားတွေကိုတော့ မည်သူကမှလာရောက်ဆွေးနွေးတာမျိုးမရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အမှုဖြစ်တာကို သူမသိရှိခဲ့ကြောင်း ပြောခဲ့တယ်လို့ သိရပါတယ်။

ဒီအကြောင်းကို ကိုမင်းကိုနိုင်ရဲ့အမက ဖားအံထောင်မှာအကျဉ်းကျနေတဲ့ ဘလော့ဂါ ကိုနေဘုန်းလတ်ရဲ့မိခင် ဒေါ်အေးအေးသန်းနဲ့တွေ့ဆုံရာမှာ အခုလိုပြော ခဲ့တယ်လို့ဆိုပါတယ်။

"သူကလေ ဒီကကြားတဲ့ဟာတွေ၊ ဒီမှာဖြစ်နေတဲ့သတင်းတွေ မှန်သမျှ ဒေါ်အောင်ဆန်းစုကြည်သတင်းတောင် ကိုမင်းကိုနိုင်က လုံးဝမသိဘူးတဲ့။ ဒီကသွားတော့မှပြောပြရတာ။ သတင်းစာလည်းမဖတ်ရဘူး။ ဂျာနယ်လည်းမဖတ်ရဘူး။ ပြင်ပလောကနဲ့ကလည်း သူ့အမတွေသွားမှဘဲ ပြင်ပလောကကို ဟို အပြင်ထွက်ရတယ်ပေ့ါနော်။ အဲဒီတော့ ကျန်တဲ့သတင်းတွေမှန်သမျှ အကုန်ဘာမှ သူကမသိရဘူး။ ဖားအံထောင်တို့ဘာတို့က ဘာဘဲပြောပြော သတင်းစာတွေဘာတွေ ဖတ်ရသေးတယ်။ သူသွားမှဘဲ သတင်းတွေကို အကုန်သိရတယ်တဲ့။ အလျှကား ဒီမှာဖြစ်နေတဲ့ ကောလဟာလတွေက မဟုတ်ဘူးဆို မဟုတ်ဘူးပေ့ါနော်။ ဟိုမှာက သူတို့မှာ ဘာမှလာမေးတာမြန်းတာလည်းမရှိဘူး။ ၂၁ ရက်နေ့က သွားတွေ့ခဲ့တဲ့လူက လည်းပြောတယ်။ ဘာမှမထူးဘူးတဲ့အထဲမှာ။"

အခုလိုထွက်ပေါ်နေတဲ့သတင်းတွေကြောင့် သူမလိုက်လံစုံစမ်းနေခဲ့ကြောင်း ပြီးခဲ့တဲ့ ၂၁ ရက်နေ့က ဖားအံထောင်မှာ အကျဉ်းကျနေတဲ့ ၈၈ ကျောင်းသားအဖွဲ့ဝင် ကိုညာဏ်လင်းရဲ့အကိုဖြစ်သူကလည်း ဒီသတင်းနဲ့ပတ်သက်ပြီး ဘာမှထူးခြားမှုမရှိကြောင်း သူ့ကိုပြောပြခဲ့တယ်လို့ ဒေါ်အေးအေးသန်းကဆိုပါတယ်။

"အဲဒီ ၁၂ ရက်နေ့ကတော့ တဦးသွားတော့ အဲဒီမှာ ထပ်မှာလိုက်သေးတယ်ပေ့ါနော်။ အပြင်မှာတော့ အသံတွေကြားနေတယ်တဲ့၊ သူတို့ဘက်မှာရော ဖားအံထောင်မှာရော ဘာထူးလဲ။ ၂၁ ရက်နေ့ကကျတော့ အမကိစ္စတွေဘာတွေ လည်း ပြီးသွားပြီဆိုတော့ လွှတ်ပေးမယ် ဘာညာဆိုလို့ရှိရင် အဲဒီအချိန်လောက်ဆို လွှတ်ပေးနိုင်တယ်ပေ့ါ။ အဲဒီတော့ အထဲမှာဘာထူးခြားမှု ထူးခြားဖြစ်စဉ်ရှိသလား။ အဲဒီဘက်မှာလည်းသတင်းထွက်တာကိုး။

မြစ်ကြီးနားထောင်တို့ဘာတို့မှာ စအဖ ဝင်တယ်ဆိုတော့ ဖားအံထောင်မှာရော အခြေအနေထူးလားဆိုတော့ ဘာမှမထူးခြားဘူးတဲ့။ အဟောင်းတွေကိုများ စာရင်းကောက်သလား ဘာညာ အဲဒီလိုမျိုးဖြစ်စဉ်များ ရှိသလားဆိုတော့လည်း ဘာမှ မထူးဘူး သူတို့ဆီမှာကတော့။"

ကိုနေဘုန်းလတ် ကျန်းမာရေးကောင်းမွန်ကြောင်း နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်မြောက်လာပါစေလို့ မိသားစုဝင်တိုင်းက ဆုတောင်းနေကြောင်း စသဖြင့် ဒေါ်အေးအေးသန်းက RFA ကိုပြောဆိုခဲ့ပါတယ်။

# ညဈေးဖွင့် ခရီးသည်ကို ဆွဲဆောင်မည်

**DVB | ဩဂုတ် ၂၇ ။** ။ ရှေးဟောင်းမြို့တော် ပုဂံဘုရားတွေဆီ ကမ္ဘာ့လှည့်ခရီးသည်ပိုလာစေရေးအတွက် ညဈေးဖွင့်ပြီး တိုးချဲ့စည်းရုံးဖို့ ဟိုတယ်လုပ်ငန်းရှင်တွေက ပြင်ဆင်နေကြောင်း သိရပါတယ်။

ညနေ ၆ နာရီ က ၈ နာရီအထိ ညဈေးကို ဖွင့်မှာဖြစ်ပြီး ဒေသထွက် ရိုးရာအနုပညာ ပစ္စည်းတွေ၊ ယွန်းထည်တွေ၊ ဝါးနဲ့လုပ်ထားတဲ့ ပစ္စည်းတွေ၊ ဒေသထွက် ချည်ထည်တွေ၊ အစားသောက်တွေနဲ့ လက်နဲ့လုပ်ထားတဲ့ အမှတ်တရလက်ဆောင်တွေကို ဈေးအတွင်း ရောင်းချမှာဖြစ်တယ်လို့ မြန်မာ့ဟိုတယ်လုပ်ငန်းရှင်များအဖွဲ့က ဆင်ဟွာသတင်းဌာနကို ပြောပါတယ်။ ဒီဈေးကို လာမယ့်အောက်တိုဘာလ ခရီးသွားရာသီအစမှာ စတင်ဖွင့်လှစ်မှာဖြစ်ပြီး ပုဂံဒေသမှာ ဟိုတယ်နဲ့ အင်း ၈၁ ခုရှိတယ်လို့ သိရပါတယ်။ တချိန်တည်းမှာပဲ တောင်ကိုရီးယားနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ကေအိုအိုင်စီအေ အကူညီနဲ့ ပုဂံဒေသ စိမ်းလန်းစိုပြေရေးအတွက် ပြင်ဆင်နေတယ်လို့ သိရပါတယ်။

မြန်မာနဲ့ ကိုးရီးယားအကြား ပူးပေါင်းဆောင်ရွက်မှုဟာ ခရီးသွားလုပ်ငန်းအပြင် သစ်တောထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွေလည်း ပါဝင်တယ်လို့ ဆင်ဟွာကပြောပါတယ်။ ၁၁ ရာစုကနေ ၁၃ ရာစုအတွင်း ထင်ရှားထွန်းကားခဲ့တဲ့ ရှေးဟောင်းပုံဂံမြို့မှာ ဗုဒ္ဓအမွေအနှစ်တွေကိုမြင်ရနိုင်ပြီး စေတီပေါင်းတသောင်းကျော်အပါဝင် ကျောင်းကန်ပုထိုးတွေ၊ သာသနာအဆောက်အုံတွေကို မြင်တွေ့ရနိုင်ရတာကြောင့် ပုဂံဟာ ကမ္ဘာ့လှည့်ခရီးသည်တွေအတွက် အထူးစိတ်ဝင်စားဖွယ်ရှိနေပါတယ်။

ဒါပေမယ့် ၂၀၀၇ ကဖြစ်ပွားခဲ့တဲ့ သံဃာ့ဆန္ဒ ပြပွဲ၊ ၂၀၀၈ နာဂစ်မုန်တိုင်းအပြီးမှာ ကမ္ဘာ့လှည့်ခရီးသည်လာရောက်မှု ကျဆင်းသွားခဲ့ပါတယ်၊ ဒါကြောင့် အခုနွေဦးခရီးသွားရာသီအသစ်မှာ နိုင်ငံခြားခရီးသည်တွေ များများလာစေဖို့ ဟိုတယ်လုပ်ငန်းရှင်တွေက နည်းလမ်းသစ်၊ ဈေးကွက်သစ် ရှာဖွေဖို့ကြိုးစားနေတာဖြစ်တယ်လို့ ရန်ကုန်ကပေးပို့တဲ့ ဆင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

## ရေနံချောင်းမှဆရာတော်ဦးဝါယမကိုမကွေးအထူးရဲတပ်ဖွဲ့ကလာဖမ်းသွား

**RFA | ဩဂုတ် ၂၈ ။** ။ မကွေးတိုင်း၊ ရေနံချောင်းမြို့မှာရှိတဲ့ ရွှေစေတီပါဠိတက္ကသိုလ်က လက်ထောက်ဆရာတော်ဖြစ်တဲ့ ဆရာတော်ဦးဝါယမကို ဩဂုတ်လ ၂၇ ရက် မနေ့က ညသန်းခေါင်မှာ မကွေးအထူးရဲတပ်ဖွဲ့က လာဖမ်းသွားတယ်လို့ RFA က စုံစမ်းသိရှိရပါတယ်။

ရေနံချောင်းက မယက တို့ ရယက တို့လည်း လိုက်ပါလာကြပြီး ဆရာတော်ကို ခေါ်သွားပုံကို ရွှေစေတီပါဠိတက္ကသိုလ်က တိုက်အုပ်ဆရာတော်က အခုလိုမိန့်ပါတယ်။ "သူတို့စစ်စရာရှိလို့ လို့ပြောတာဘဲ။ ပြောစရာရှိလို့တဲ့။ ဒါပါဘဲ။ မကွေးကလို့ပြောတာဘဲ။ အက်စ်ဘီကလို့ပြောတာဘဲ။ ပါတယ် ပါတယ် လူကြီးတွေအကုန် ပြည့်ပြည့်စုံစုံပါတယ်။"

ဆရာတော်ကိုမေးမြန်းလျှောက်ထားနေတုန်းမှာ ဖုန်းလိုင်းပြတ်တောက်သွားခဲ့ပါတယ်။ ဆရာတော်ဦးဝါယမရဲ့ကျောင်းအမဖြစ်သူ ရေနံချောင်း NLD အမျိုးသမီးစည်းရုံးရေးတာဝန်ခံ ဒေါ်ခင်စောဌေးကတော့ ကျောင်းဒကာ ဒကာမတွေက နိုင်ငံရေးကိုတက်တက်ကြွကြွ လုပ်နေသူတွေဖြစ်ပြီး တခါတလေကျောင်းမှာ အခမ်းအနားလေးတွေလုပ်ခဲ့ဘူးတာကြောင့် အာဏာပိုင်တွေအထင်လွဲတာ ဖြစ်နိုင်ကြောင်း အခုလိုပြောပါတယ်။

"မြို့နယ်မှူးကိုမေးတဲ့အခါကျတော့ မြို့နယ်မှူးက သူမသိပါဘူးလို့ပြောတယ်။ ကျမက ကျောင်းအမဖြစ်တယ်၊ ပါဠိတက္ကသိုလ်ကျောင်းထဲမှာ အာဇာနည်နေ့အခမ်းအနားတွေ လုပ်ဘူးတယ်။ အဲဒါကြောင့်မို့ ဆရာတော်ကကြားညှပ်ပြီး ပါခံရတယ်လို့အောက်မေ့ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာအာဏာပိုင်တွေက ကျမတို့ဆရာတော်ကို ပြန်လွှတ်ပေးဘို့တောင်းဆိုပါတယ်။ ဆရာတော်နဲ့နိုင်ငံရေးနဲ့ ဘာမှမပတ်သက်ပါဘူးလို့။ ကျမတို့အထင်ကတော့ ရွှေဝါရောင်နှစ်ပတ်လည်နားနီးလို့ ဆရာတော်ကို ခေါ်စစ်တယ်လို့ဘဲ ယုံကြည်ပါတယ်။"

ဒေါ်ခင်စောဌေးပြောပြသွားတာပါ။ ဆရာတော်ဟာ သက်တော် ၅၀ ကျော်ရှိပြီး ကျောင်းတိုက်ဆရာတော်အဆက်ဆက် အားကိုးရတဲ့ လက်ထောက်ဆရာတော်တပါးဖြစ်ပါတယ်။ လူမှုရေး၊ ဘာသာရေး၊ သာသနာအရေးကိစ္စတွေကို အားတက်သရော လုပ်ဆောင်တတ်သူတဦးဖြစ်တယ်လို့လည်း သိရပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပြီး ဆွေးနွေးပွဲစရန် ဝါရင့်အဖွဲ့တောင်းဆို

**DVB ၊ ဩဂုတ် ၂၄ ။** ။ ဒေါ်အောင်ဆန်းစုကြည်ကို ချုပ်နှောင်ထားတဲ့ ပြစ်ဒဏ်တွေကနေ လွှတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ဝါရင့်နိုင်ငံရေးသမားတွေက တောင်းဆိုလိုက်ပါတယ်။

ဩဂုတ်လ ၂၂ ရက် နေ့စွဲနဲ့ ဗိုလ်ချုပ်သန်းရွှေဆီ မေတ္တာရပ်ခံစာပေးပို့ပြီး တောင်းဆို လိုက်တာလို့ ဝါရင့်နိုင်ငံရေးသမားကြီး တဦးဖြစ်တဲ့ သခင်ချန်ထွန်းက ပြောပါတယ်။ လွတ်လပ်ရေး ဖိသုကာ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးဖြစ်လို့ဆိုပြီး ထောင်ဒဏ် ၃ နှစ်ကနေ တဝက်လျှော့ချ နေအိမ်အကျယ်ချုပ်နဲ့ဆိုင်းငံ့ပေးတာကို အသိအမှတ်ပြုကြောင်း၊ ဒါပေမယ့် ဗိုလ်ချုပ်သန်းရွှေအနေနဲ့ လုပ်ပိုင်ခွင့် အာဏာကို အသုံးပြုပြီး ဒေါ်အောင်ဆန်းစုကြည်ကို ကွင်းလုံးကျွတ် လွှတ်ပေးစေချင်ကြောင်း ဝါရင့်အဖွဲ့က တောင်းဆိုထားပါတယ်။ ဒီလို တောင်းဆိုရတာနဲ့ ပတ်သက်ပြီး သခင်ချန်ထွန်းက ပြောပါတယ်။

“အခုကကတော့ လက်ရှိပြည်ထောင်စု မြန်မာနိုင်ငံမှာကြုံတွေ့နေရတဲ့ စီးပွားရေးအကျပ်အတည်း အခက်အခဲတွေက ကျော်လွှန်နိုင်ဖို့ဆိုတာက ဗိုလ်ချုပ်သန်းရွှေ နအဖကောင်စီနဲ့ ဒေါ်အောင်ဆန်းစုကြည် အန်အယ်လ်ဒီတို့ ပူးပေါင်းပြီး ဆောင်ရွက်မှ လူမျိုးစုတွေနဲ့ထပ်ပြီး ဆွေးနွေးညှိနှိုင်း အဲ့လိုလုပ်မှသာလျှင် ပြဿနာ အရပ်ရပ် ဗမာပြည်မှာ တွေ့ကြုံနေရတဲ့ အခက်အခဲအရပ်ရပ်ကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ဒါကြောင့်မို့ ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးလွှတ်ပေးပြီး တွေ့ဆုံဆွေးနွေးပါလို့ တိုက်တွန်းနေရတာပါ။”

ဝါရင့်နိုင်ငံရေးသမားတွေဟာ တိုင်းပြည် ပြဿနာတွေပြေလည်စေဖို့ရည်ရွယ်ပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ အစဉ်တစိုက် တောင်းဆိုနေတာ ဖြစ်ပါတယ်။ အလားတူ အဖွဲ့ချုပ်အပါအဝင် မြန်မာ့ဒီမိုကရေစီ အင်အားစုတွေနဲ့ ကမ္ဘာ့အစိုးအဝန်းက ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးပြီး တွေ့ဆုံဆွေးနွေးရေး လုပ်ဖို့ နအဖကိုတိုက်တွန်းနေကြတာပါ။ အဲဒီတော့ ဗိုလ်ချုပ်သန်းရွှေအနေနဲ့ ဒီတောင်းဆိုချက်ကို ဘာကြောင့် ဆက်ပြီး လျစ်လျူရှုနေရတာပါလဲ၊ ဒါနဲ့ပတ်သက်ပြီး သခင်ချန်ထွန်းက သူ့အမြင်ကို ပြောပါတယ်။

“သူလည်း တော်တော်အလုပ်ရှုတ်ပြီး စဉ်းစားနေလို့ရှိမှာပေ့ါ။ သို့မဟုတ် မလုပ်ချင်သေးလို့ သူ့အတွက် အချိန်တန် မရောက်သေးလို့ ယူဆလို့သူ့ဘာသာ လုပ်ရင်ဖြစ်နေမယ်လို့ထင်လို့ ဆွေးနွေးတာတွေ မလုပ်တာလို့ယူဆပါတယ်။ အခုကက ရွေးကောက်ပွဲ လုပ်မယ်၊ ရွေးကောက်ပွဲပြီးရင် ဗိုလ်ချုပ်မောင်အေးက အနားယူမယ်လို့ သတင်းထွက်နေတယ်၊ ရွေးကောက်ပွဲကတော့ မဖြစ်မနေ ၂၀၁၀ မှာ လုပ်မှာ သေချာသလောက်တော့ရှိတယ်။ ဗိုလ်ချုပ်သန်းရွှေအနေနဲ့ကတော့ ရွေးကောက်ပွဲ ပြီးတဲ့နောက် ဆက်ပြီးတော့ တာဝန်ယူမလား၊ အောက်ကလူတွေ ပဲလွှဲပေးခဲ့မလားဆိုတာ မပြောတတ်ဘူး။”

# ဒေါ်စုလွှတ်မြောက်ရေး ပိုစတာ လှုပ်ရှား

**DVB ၊ ဩဂုတ် ၂၃ ။** ။ ရခိုင်ပြည်နယ် တော်ကုတ်မြို့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေးအတွက် ဒီနေ့မနက်ပိုင်းက ပိုစတာကမ်းပိန်းလုပ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံ အနောက်ဘက် ရခိုင်ပြည်နယ် တောင်ကုတ်မြို့မှာ ဒီနေ့ ပြုလုပ်ခဲ့တာလို့ ဒေသခံတွေက ပြောပါတယ်၊ တောင်ကုတ်မြို့ပေါ် ရပ်ကွက်တွေက လမ်းဘေးမီးတိုင်တွေ၊ အုပ်ခုံတွေ၊ တံတားတွေနဲ့ အိမ်ခြံဝန်းတွေမှာ ၂ လက်မ ပတ်လယ်၊ ၄ လက်မပတ်လယ် အရွယ်ရှိ ပိုစတာငယ်တွေကို ဒီနေ့မနက်အစော ပိုင်းမှာကပ်ထားတာ တွေ့ရတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

“အဲ့ထဲမှာဘာပါလဲဆိုတော့ ဒေါ်စုပုံရယ်ပေ့ါ နောက်ဒေါ်စုနဲ့ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွဲပြီးတော့ပါတဲ့ပုံပါတယ်ဗျ။ ဓါတ်ပုံရဲ့အပေါ်ပိုင်းမှာကတော့ ဖရီး ဒေါ်အောင်ဆန်းစုကြည်လို့ရေးထားပြီးတော့ ဓါတ်ပုံမှာရဲ့ အောက်ခြေမှာ All Political Prisoner ဆိုပြီး ရေးထားတယ်။”

မနက် ၇ နာရီခန့်မှာ အာဏာပိုင်တွေက တောင်ကုတ်မြို့အနှံ့ ကပ်ထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ပုံတွေကို လိုက်လံသိမ်းဆည်းတယ်လို့ အဲ့ဒီဒေသခံက ပြောပါတယ်။

“မနက် ၇ နာရီ ကျော်ကျော် လောက်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ခြံပြင်နဲ့ လမ်းဘေးမီးတိုင်တွေမှာ ရှိတဲ့ အဲ့ဒီပိုစတာတွေကို လိုက်ခွာတယ်၊ မနက် ၈ နာရီခွဲလောက်မှာ ပိုစတာတော်တော် များများမတွေ့ရတော့ဘူး၊ ပိုစတာကပ်တဲ့လူတွေကတော့ ဘယ်သူတွေမှန်း မသိဘူး။ ဒါပေမယ့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အပူတပြင်း လိုက်စုံစမ်းနေတယ်။”

အင်းစိန်ထောင်တွင်း တရားရုံးမှာ ဒေါ်အောင်ဆန်းစုကြည် တရားရင်ဆိုင်နေရချိန်တုန်းက ရခိုင်ပြည်နယ်ထဲက စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ ဂွနဲ့ တောင်ကုတ်မြို့နယ်တွေမှာ ဒေသခံ အဖွဲ့ချုပ်ဝင်တွေက ဒေါ်စုပုံတွေဖြန့်ဝေတဲ့ လှုပ်ရှားမှုတွေကိုပြုလုပ်ခဲ့ပါတယ်။

# တက္ကစီသမားများ ဒုက္ခရောက်ကြရ

**DVB ၊ ဩဂုတ် ၂၅ ။** ။ ရန်ကုန်တိုင်းမှာ ပြေးဆွဲနေတဲ့ တက္ကစီကားတွေကို ပြေးဆွဲခွန် ၂ နှစ် ဆောင်ဖို့ အမြတ်ခွန်ဌာနက စာထုတ်ပြန်တဲ့အတွက် တက္ကစီသမားတွေအကြား ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြပါတယ်။

ရန်ကုန်တိုင်းမှာ ပြေးဆွဲနေတဲ့ တက္ကဆီအငှားယာဉ်တွေကို ၂ နှစ်စာ ပြေးဆွဲခွန် ပေးဆောင်ဖို့ ပြီးခဲ့တဲ့ ဂျွန်လကတည်းက ပြည်တွင်းအခွန်ဦးစီးဌာနက စာထုတ်ပြီး တောင်းခံထားတာပါ။ နှစ်စဉ် ပုံမှန်ဆောင်နေကျ အခွန်ကို ၂၀၀၉– ၂၀၁၀ ဆိုပြီး ၂ နှစ်စာဆောင်ခိုင်းတဲ့အတွက် ကားဆွဲမကောင်းတဲ့ အခုလို အချိန်အခါမျိုးမှာ ကားမောင်းသူတွေ တော်တော်စိတ်ညစ်နေကြတယ်လို့ ရန်ကုန်မြို့က တက္ကစီသမားတယောက်က ပြောပါတယ်။

“၂၀၁၁ အတွက်ကိုပါ ကြိုတင်ငွေဆိုပြီး ဆောင်ခိုင်းတယ်။ အခွန်ဆောင်တဲ့နေရာမှာ ဓာတ်ဆီကျတော့ တမျိုး၊ ဒီဇယ်ကျတော့တမျိုး။ ကျနော် မနှစ်က ၃ သိန်း ၂ သောင်း ဆောင်ရတယ်။ ၂ နှစ်စာ ဖြ သိန်း ၄ သောင်းတောင်ဆိုတော့ စိတ်ဓာတ်တွေကျပြီး စိတ်ညစ်နေကြတာပေ့ါ။”

ဒီဇယ်ကားအတွက် တနှစ်စာ ၂ သိန်း ဖြ သောင်း အခွန်သတ်မှတ်ထားပြီး ဓာတ်ဆီက နည်းနည်းသက်သာတယ်လို့ အဲဒီ တက္ကစီသမားက ပြောပါတယ်။ ဒါပေမယ့် ၂ နှစ်စာကို တကြိမ်တည်းပေးဆောင်ရတဲ့ အစီအစဉ်က ကားသမားတွေအတွက် အဆင်မပြေဘူးလို့ သူက ပြောပါတယ်။

“ကျနော့်ကားက ၁၁ လပိုင်းဆိုရင် လိုင်စင်ဝင်ရမှာဆိုတော့ မပေးနိုင်ဘူးပေ့ါ။ ချေးငှားပြီးပေးရမှာ။ ဒီတော့ အတိုးတွေတက်မှာပေ့ါ။ တရက်တရက်ကို အုံနာခ ၁ သောင်း ၃ ထောင်တောင် ပေးရတာဆိုတော့ ကျနော်တို့အတွက် ဆီဖိုးနှုတ်၊ စားသောက်ပြီး အလွန်ဆုံးကျန်ရင် ၂ ထောင် ၃ ထောင်ပေ့ါ။”

အရင်က တနှစ်စာ အခွန်ဆောင်ခိုင်းတဲ့အစီအစဉ်တုန်းက ငွေမရှိတဲ့အခါ အကြွေးထားလို့ရပေမယ့် အခု အစီအစဉ်က ၂ နှစ်စာ ငွေအကျေ ပေးသွင်းမှသာ လိုင်စင်ထုတ်ပေးတာကြောင့် ကားသမားတွေ ပိုအခက်တွေ့ရတယ်လို့ဆိုပါတယ်။

“လိုင်စင်ခွန်လည်း ဆောင်ပြီး အခွန်ကြေပြီးမှ ကျနော်တို့ လိုင်စင်ဝင်လို့ရတယ်။ မဟုတ်ရင် လိုင်စင်ဝင် လို့မရဘူး။ အခွန်ကြေတော့မှ လျှောက်လွှာစာရွက် အစိမ်းရောင်ထွက်လာတယ်။ အကြွေးကျန်ရင် အနီရောင်စာရွက်ထွက်လာတယ်။ အခုကျတော့ အစိမ်းရောင်စာရွက်ပဲ ပေးတော့တယ်။ အရင်လို အကြွေးချန်လို့မရတော့ဘူး။”

ဘာကြောင့် ၂ နှစ်စာ အခွန်ကောက်တယ်ဆိုတာ အကြောင်းပြချက် ထုတ်ပြန်တာမျိုး မရှိဘူးလို့ စမ်းချောင်းမြို့နယ် အမြတ်ခွန်ရုံးတာဝန်ရှိသူ တဦးက ပြောပါတယ်။

“လူကြီးတွေက အမိန့်နဲ့စာထုတ်လို့ ကျနော်တို့ ကောက်ရတာ။ ရန်ကုန်တတိုင်းလုံး စာထုတ်တာပါ။ အဲ့ဒီစာထုတ် တာတော့ ကျနော်တို့ မြို့နယ်ရုံးအနေနဲ့အပြည့်အဝ ကောက်ခံပြီးတော့ ပုံစံထုတ်ခိုင်းတာ။ မဆောင်ရင် ကားပုံစံ ထုတ်မပေးတော့ လိုင်စင်ဝင်လို့ မလွယ်ဘူးပေ့ါ။”

# နယ်ဝေးကို ထောင်ဝင်စာတွေ့ မိသားစုဝင်များ လမ်းခရီးမှာ နှောင့်ယှက်ခံရ

**DVB ၊ ဩဂုတ် ၂၂ ။** ။ နအဖစစ်အုပ်စုရဲ့ အာဏာပိုင်တွေဟာ ထောင်ဝင်စာသွားတွေ့မယ် နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တွေကို လမ်းခရီးမှာ နှောင့်ယှက်တာတွေကို လုပ်နေတယ်လို့ သိရပါတယ်။

နအဖစစ်အုပ်စုဟာ နိုင်ငံရေးတက်ကြွလှုပ်ရှား သူတွေကို နှစ်ရှည်ထောင်ဒဏ်တွေချမှတ်ပြီး သွားလာရခက်ခဲတဲ့ နယ်စွန်နယ်ဖျား ထောင်တွေဆီကို ပို့လွှတ်ပါတယ်။ အခုရက်ပိုင်းမှာတော့ ထောင်ဝင်စာသွားတွေမယ့် မိသားစုဝင်တွေကိုလည်း လမ်းခရီးမှာ နှောင့်ယှက်တာတွေလုပ်နေတယ်လို့ သိရပါတယ်။ တောင်ငူထောင်မှာ ထောင်ဒဏ်နှစ်ရှည် ကျခံနေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ကိုဇော်ဇော်မင်းကို ထောင်ဝင်စာသွားတွေ့ဖို့ အသွားလမ်းခရီးမှာ စစ်ထောက်လှမ်းရေးနဲ့ ရဲတပ်ဖွဲ့ဝင်တွေက ဇနီးဖြစ်သူ မဌေးဌေးဝင်းကို အကြောင်းပြချက် မရှိဘဲနဲ့ နှောင့်ယှက်တာတွေ လုပ်တယ်လို့ပြောပါတယ်။ ကိုဇော်ဇော်မင်းရဲ့ဇနီး မဌေးဌေးဝင်းက သူကြုံခဲ့ရပုံကို ပြောပါတယ်။

"အမျိုးသားဆီသွားတာ ရိုးမကားနဲ့သွားတယ်။ အဝေးပြေးဂိတ်မှာ ကားပေါ်မှာပေ့ါနော်၊ ကားကို ဘေးရပ်ခိုင်းတာပေ့ါနော်၊ အဝေးပြေး ဂိတ်လုံခြုံရေးအဝကနေပြီးတော့ ကားတစီးလုံးမှာ ခရီးသည်တွေ အများကြီးပါတယ်၊ အဲ့ဒီအများကြီးထဲက အမတယောက်ထဲကို သူတို့ရွေးပြီးတော့ရှာတယ် ရဲ၊ စအဖ၊ အက်စ်ဘီတို့က ရှာတယ်။ ကားပေါ်တက်လာတာကတော့ စအဖလား အက်စ်ဘီလား မသိဘူး၊ ရဲ ၃ ယောက်ရယ် တက်လာပြီးတော့ ခုံနံပါတ်ကို ကြည့်ပြီးတော့ အမခုံနံပါတ်ကို တွေ့လည်းတွေ့ရော အိပ်ကိုနိုက်ရှာတယ်ရှာတဲ့အခါမှာ အမက ပြောတယ်၊ မင်းတို့ ဘာကြောင့်ရှာလည်း ဘာအတွက်လည်း မေးတယ် မပြောဘူး။"

မဌေးဌေးဝင်းဟာ အခုလို ခင်ပွန်းဖြစ်သူ ထောင်ဒဏ် ၆၅ နှစ် ကျခံနေရတဲ့ ကိုဇော်ဇော်မင်းကို ထောင်ဝင်စာသွားတွေ့ရပါတယ်။ ဒါ့အပြင် ခန္တီးထောင်မှာ နှစ်ရှည်ထောင်ဒဏ်ကျခံနေရတဲ့ သားဖြစ်သူ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်က ကိုဒီငြိမ်းလင်းကိုလည်း သွားတွေ့ရတာပါ။ အခုလိုအာဏာပိုင်တွေ လုပ်ဆောင်နေတာတွေနဲ့ပတ်သက်ပြီး သူမခံစားချက်တွေကို ပြောပါတယ်။

"သူတို့ အဲ့လိုရှာတဲ့အချိန်မှာ သူတို့လုပ်ကြံပြီးတော့ အမအိတ်ထဲမှာ မဟုတ်က ဟုတ်ကတွေ ထည့်လိုက်ရင်၊ တခုခုလုပ်လိုက်ရင် အမဘယ်နဲ့လုပ်မလဲ၊ အဲ့ဒီအတွက် အမအရမ်းစိုးရိမ်တယ်။ နောက်တခါ ခရီးသွားတဲ့အခါမှာ ကားတစီးလုံးက အမကို ဝိုင်းကြည့်နေကြတယ်လေ၊ သူတို့ရှာမယ်ဆိုရင်လည်း အရေးမကြီးဘူး၊ ရှာမယ်ဆိုရင်လည်း တစီးလုံးရှာ၊ အခုသူတို့ ရှာတာက ကွက်ပြီးတော့ ရှာတယ်ဆိုတော့ အမျိုးသားဆီသွားတာ တော်တော် စိတ်ကသိကအောက် ဖြစ်ခဲ့ရတယ်။"

ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့က ကိုဌေးအောင်က နအဖစစ်အုပ်စုဟာ ထောင်ဝင်စာတွေ့မယ် နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တွေကို နှောင့်ယှက်တာတွေလုပ်နေတဲ့အပြင် နေထိုင်တည်းခိုဖို့ ခက်ခဲအောင်လည်း လုပ်နေတယ်လို့ ပြောပါတယ်။

"နိုင်ငံရေးအကျဉ်းသား မိသားစုတွေဟာ နယ်ဝေးထောင်ကို သွားတဲ့အခါမှာ တည်းခိုခန်းမှာပဲဖြစ်ဖြစ်၊ မိမိအသိ မိတ်ဆွေအိမ်မှာ တည်းသည်ဖြစ်စေ နိုင်ငံရေးအကျဉ်းသား မိသားစုတွေရောက်လာတဲ့အခါမှာ ဧည့်စာရင်းစစ်တာမျိုး၊ သက်ဆိုင်ရာ ဒေသဆိုင်ရာအာဏာပိုင်တွေက ဘယ်နေ့လာတာလဲ ဘယ်တော့ပြန်မှာလဲဆိုပြီးတော့ လာရောက်မေးမြန်းတာမျိုးတွေ လုပ်ပါတယ်၊ အဲ့လိုလုပ်တဲ့အတွက် သက်ဆိုင်ရာဒေသမှာရှိတဲ့ ဒေသခံတွေလည်း ကြောက်ရွံ့ပြီးတော့ မိသားစုတွေမှာ စိုးရိမ်ရပါတယ်။"

မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား ၂ ထောင်ကျော်ရှိနေပါတယ်။ နိုင်ငံရေးအကျဉ်းသားအများစုဟာ မိသားစုနဲ့ဝေးကွာတဲ့ နယ်စွန်နယ်ဖျားထောင်တွေမှာ နှစ်ရှည်ထောင်ဒဏ်တွေ ကျခံနေရပါတယ်။

---

## ဒေါ်အောင်ဆန်းစုကြည်အမှုမကြာခင်အယူခံတင်မည်

**RFA ၊ ဩဂုတ် ၂၄ ။** ။ ဒေါ်အောင်ဆန်းစုကြည်ကို ၁၈ လ အနေအိမ်အကျယ်ချုပ်အပြစ်ပေးခဲ့တဲ့ ပြစ်ဒဏ်ကနေ အယူခံတင်ဘို့အတွက် ရှေ့နေတွေအနေနဲ့ ပြင်ဆင်မှုတွေအဆုံးသတ်ခါနီးပြီလို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေတဦးဖြစ်တဲ့ အဲန်အဲယ်လ်ဒီပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောပါတယ်။

ရှေ့နေအဖွဲ့နဲ့အတူ အဲန်အဲယ်လ်ဒီပါတီအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်အသစ်ရဲ့စည်းမျဉ်းနဲ့ ကန့်သတ်ချက်အဓိပ္ပါယ် တိတိကျကျမရသေးတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခွင့်ကို ဒေါ်အောင်ဆန်းစုကြည်ကဘဲ တောင်းလို့ရသလား ပါတီအနေနဲ့တောင်းခွင့်ရှိသလား ရေရေရာရာမသိရသေးဘူးလို့ သိရပါတယ်။ နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုနဲ့ တရားရုံးကထောင်ဒဏ် ၃ နှစ်ချမှတ်ခဲ့တာနဲ့ပတ်သက်ပြီး အယူခံတင်ဘို့ရှိပြီး အပြီးသတ်ချိန်မှာတော့ ရှေ့နေတွေက တွေ့ဆုံခွင့်တောင်းမယ်လို့ ဦးဉာဏ်ဝင်းက RFA ကိုပြောပါတယ်။

"အရင်တွေ့တဲ့အချိန်တွေကလည်း ဒေါ်စုဘက်က အထဲကနေပြီးတော့ တောင်းတာပါ။ ကျနော်တို့က တောင်းရင်ခွင့်ပြုနိုင်သလား။ ကျနော်တို့ဒီဥစ္စာတွေ ကသိပ်မရှင်းသေးဘူး။ တခုတော့ရှိတာပေ့ါ အယူခံလွှာမပြီးတပြီးဖြစ်နေတယ်၊ ပြီးသွားရင်တော့ ဒါအတည်ပြုဘို့ ကျနော်တို့ခွင့်တောင်းရမှာဘဲ။ ကျနော်တို့ပြီးခါနီးပါပြီ ကျနော်တို့ရေးနေတာ၊ ကျနော်တို့အဲဒါပြီးရင် ဒေါ်အောင်ဆန်းစုကြည်အတည်ပြုဘို့ပေ့ါ။ အတည်ပြုပြီးရင် တင်ရုံပါဘဲ။"

နေအိမ်အကျယ်ချုပ်နဲ့ပတ်သက်ပြီး ပါတီနဲ့တွေ့ဆုံခွင့်ရရေး စတဲ့ကိစ္စတွေကိုတော့ အခုအချိန်အထိ အာဏာပိုင်တွေနဲ့ပြောဆိုတာတွေ မရှိသေးဘူးလို့ ဦးဉာဏ်ဝင်းကပြောပါတယ်။ ဒါကတော့ ဒေါ်အောင်ဆန်းစုကြည်အမှုနဲ့ နေအိမ်အကျယ်ချုပ်အသစ်နဲ့ပတ်သက်လို့ နောက်ဆုံးအခြေအနေ သတင်းဖြစ်ပါတယ်။

---

## ဒေါ်အောင်ဆန်းစုကြည်ကိုအမြန်ပြန်လွှတ်ပေးဘို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက နအဖ အုပ်စုကိုတိုက်တွန်း

**VOA ၊ ဩဂုတ် ၂၅ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကို နေအိမ်အကျယ်ချုပ်ကနေ အမြန်ဆုံးပြန်လွှတ်ပေးပါလို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး က မြန်မာစစ်အစိုးရကို ဒီကနေ့တိုက်တွန်းလိုက်ပါတယ်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး နာကာဆိုနေက မြန်မာစစ်အစိုးရ လယ်ယာစိုက်ပျိုးရေးဝန်ကြီးလည်းဖြစ်၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းရဲ့ အထွေထွေအတွင်းရေးမှူးလည်းဖြစ်တဲ့ ဗိုလ်ချုပ်ဌေးဦးနဲ့ ဒီကနေ့တွေ့ဆုံရာမှာ အခုလိုတိုက်တွန်းလိုက်တာပါ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်တွေမှာ ပါဝင်ခွင့်ပြုသင့်တယ်လို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး နာကာဆိုနေက တိုက်တွန်းလိုက်တဲ့အကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

အိမ်ရှင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဒီလိုတိုက်တွန်းလိုက်တဲ့အခါမှာ စစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ဌေးဦးက တကယ်လို့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ကောင်းမွန်စွာနေထိုင်သွားမယ်ဆိုရင်တော့ အမြန်ဆုံးပြန်လွှတ်ပေးမယ်လို့ တုန့်ပြန်သွားတဲ့အကြောင်းကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ကြေညာချက်က ထည့်သွင်းဖော်ပြထားပါတယ်။

အခုလို စစ်အစိုးရဝန်ကြီးလည်းဖြစ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းရဲ့ လူကြီးလည်းဖြစ်တဲ့ ဗိုလ်ချုပ်ဌေးဦးကို ဂျပန်အစိုးရက တရားဝင်ဖိတ်ကြားခဲ့တာကြောင့် ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီရေး အင်အားစုတွေက ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရှေ့မှာ ဆက်တိုက်ဆိုသလို ဆန္ဒပြနေကြပါတယ်။

ကျော်ကျော်စိုး

# ဒီမိုကရေစီဖတ်စာ

## ချာတာ ၀၈

## Charter 08

**ကျော်ကျော်စိုး ဘာသာပြန်သည်**

**ယခင်တပတ်မှအဆက်**

၁၁– လွတ်လပ်စွာဆန္ဒထုတ်ဖော်ပြသခွင့်–– လွတ်လပ်စွာပြောဆိုခွင့်၊ စာနယ်ဇင်းနှင့် ပညာရပ်ဆိုင်ရာလွတ်လပ်ခွင့်များကို အကောင်အထည်ဖော်သင့်သည်၊ ပြည်သူများ၊ သိရှိပိုင်ခွင့်နှင့် အစိုးရ၏လုပ်ရပ်များကို စောင့်ကြပ်ကြည့်ရှုပိုင်ခွင့်ကို အကာအကွယ်ပေးသင့်သည်။ ပုံနှိပ်ထုတ်ဝေခွင့်ဥပဒေကို ပြုပြင်ပြောင်းလဲသင့်သည်၊ သတင်းစာများလွတ်လပ်စွာထုတ်ဝေခွင့်အား တားမြစ်ထားချက်ကို ဖယ်ရှားသင့်သည်။ ယခုလက်ရှိကျင့်သုံးနေသော နိုင်ငံတော်အာဏာအားနှောင့်ယှက်ဖျက်ဆီးမှုများဟုစွပ်စွဲမှုများဟု ရာဇဝတ်မှုဆိုင်ရာဥပဒေတွင်ဖော်ပြထားချက်အားဖျက်သိမ်းပစ်ရန်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများအား ပြစ်ဒဏ်ချမှတ်ခြင်းများကို ဖျက်သိမ်းသင့်သည်။

(၁၂) – ဘာသာရေးဆိုင်ရာလွတ်လပ်ခွင့် –– ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်များကို အကာအကွယ်ပေးသင့်သည်၊ ဘာသာရေးနှင့် နိုင်ငံရေးကို ခွဲခြားထားရမည်၊ ဘာသာရေးဆိုင်ရာလှုပ်ရှားမှုများသည် အစိုးရက ဝင်ရောက်စွက်ဖက်မှုများမှ ကင်းလွတ်စေရမည်၊ နိုင်ငံသားများ၏ ဘာသာရေးဆိုင်ရာလွတ်လပ်ခွင့်များအား အုပ်ချုပ်ရေးဆိုင်ရာနည်း ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ဒေသန္တရဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများဖြင့် တားမြစ်ကန့်သတ်ထားခြင်းများအား ပြန်လည်သုံးသပ်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို ပြုလုပ်သင့်သည်။ ဘာသာရေးဆိုင်ရာ စီမံခန့်ခွဲမှုများအား အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေများဖြင့် အကျုံးဝင်စေခြင်းအား တားမြစ်သင့်သည်။ လက်ရှိကျင့်သုံးနေသည့် ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်စုများသည် ဦးစွာပထမ မှတ်ပုံတင်အသိအမှတ်ပြုမခံရပဲဖွဲ့စည်းထူထောင်ထားပါက ဖျက်သိမ်းခံရမည်ဆိုသည့်စနစ်ကို ဖျက်သိမ်းသင့်သည်။ ထိုအစား ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းခွင့်နှင့် ကိုးကွယ်ဝတ်ပြု ဆုတောင်းရာနေရာများကို အသိအမှတ်ပြုသည့်စနစ်သစ်တခုဖြင့် အစားထိုး သင့်သည်။

(၁၃) ပြည်သူ့ပညာရေး –– တပါတီအုပ်ချုပ်ရေးစနစ်ကို အထောက်အကူပြု ရန်နှင့် သဘောတရားရေးရာများစွဲမြဲသက်ဝင်သွားစေသည့် နိုင်ငံရေးဆိုင်ရာပညာပေးမှုနှင့် စာမေးပွဲစနစ်အားဖျက်သိမ်းပစ်သင့်သည်။ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးထားမှုနှင့် ပြည်သူ့အခွင့်အရေးများ၊ ပြည်သူလူထုအသိတရားဖွံ့ဖြိုးရေး နိုင်ငံသားများ၏ပညာရေးကို အားပေးသည့် လူ့အဖွဲ့အစည်းအတွက်အကျိုးပြုသော လူထုပညာရေးကို တိုးမြှင့်လုပ်ဆောင်သင့်သည်။

(၁၄) ပိုင်ဆိုင်မှုများအားအကာအကွယ်ပေးခြင်း –– ပုဂ္ဂလိကပိုင်ဆိုင်မှုအခွင့်အရေးများအား အကာအကွယ်ပေးမှုများထူထောင်ခြင်း၊ လွတ်လပ်သောတံခါးဖွင့်ဈေးကွက်စီးပွားရေးကို ထူထောင်ခြင်း၊ စီးပွားရေးလုပ်ငန်းကုမ္ပဏီများ၏လွတ်လပ်ခွင့်ကို အကာအကွယ်ပေးခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာလက်ဝါကြီးအုပ်ထားခြင်းအဆုံးသတ်ရေး၊ နိုင်ငံလုံးဆိုင်ရာပိုင်ဆိုင်မှုစီမံခန့်ခွဲရေးကော်မတီသည် ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့်ဥပဒေဆိုင်ရာအမြင့်ဆုံးကော်မတီဖြစ်ရန်လိုအပ်သည်။ အဆိုပါကော်မတီက ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဆိုင်ရာဥပဒေကို ပြန်လည်ပြင်ဆင်ရေးကို ကောင်းစွာလုပ်ဆောင်ပြီးစည်းစနစ်ကျနစေရမည်။ ပိုင်ရှင်များ၏အခွင့်အရေးနှင့်တာဝန်များကို ရှင်းလင်းစွာအသိပေးထုတ်ပြန်ထားရမည်၊ မြေယာသစ်ဖော်ထုတ်ရေး၊ မြေယာပုဂ္ဂလိကပိုင်ဆိုင်မှုတိုးတက်စေရေး၊ နိုင်ငံသားများ၏မြေယာပိုင်ဆိုင်မှုများအား ကောင်းစွာကာကွယ်ပေးရေး အထူးသဖြင့် လယ်သမားများ၏ လယ်ယာမြေဆိုင်ရာအခွင့်အရေးများကို အကာအကွယ်ပေးရေးများကို လုပ်ဆောင်ရမည်။

(၁၅) ငွေကြေးဆိုင်ရာပြုပြင်ပြောင်းလဲမှု –– အခွန်ထမ်းပြည်သူများ၏ ငွေကြေးနှင့် ပစ္စည်းဥစ္စာများကို အကာအကွယ်ပေးသည့် ဒီမိုကရေစီကို ခိုင်မာစွာထူ ထောင်ရမည်ဖြစ်သည်။ အများပြည်သူဆိုင်ရာငွေကြေးစနစ်တခုကို ထူထောင်၍ လုပ်ကိုင်ဆောင်ရွက်ပုံနည်းလမ်းများတွင် လုပ်ပိုင်ခွင့်နှင့်တာဝန်ကို ရှင်းလင်းစွာရှိစေရမည်။ အစိုးရနှင့် အုပ်ချုပ်ရေးဆိုင်ရာအဆင့်ဆင့်တွင် ထိရောက်သော ကြောင်းကျိုးဆီလျော်သောအာဏာခွဲဝေမှုများပြုလုပ်ထားကာ အခွန်နှုန်းထား လျှော့ချရန် အခွန်ကောက်ခံမှုစနစ်တွင်အဓိကပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်လိုအပ်သည်။ ဥပဒေပြုဆိုင်ရာအဖွဲ့အစည်းများ၏ခွင့်ပြုချက်မရှိပဲ၊ လူထုသဘောထားမပါပဲ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများသည် အခွန်နှုန်းထားတိုးမြှင့်ခြင်း၊ အခွန်သစ်ကောက်ခံခြင်းများ ပြုလုပ်ခွင့်မရှိစေရ။ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဥပဒေပြုပြင်ပြောင်းလဲရေး၊ ဈေးကွက်အတွင်းယှဉ်ပြိုင်မှုများကို အားပေးသည့်လုပ်ငန်းယန္တယားများထူထောင်ရေး၊ ဘဏ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်များအပေါ်ကန့်သတ်ချက်များ လျှော့ချရေး၊ ပုဂ္ဂလိကပိုင်ဘဏ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ငွေကြေးစနစ်တောင့်တင်းခိုင်မာရေးတို့အတွက် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရမည်။

(၁၆) လူမှုဖူလုံရေး –– နိုင်ငံသားများအားလုံးအကျုံးဝင်ခံစားနိုင်သည့် လူမှုဖူလုံရေးစနစ်တခုကိုထူထောင်ရန်နှင့် ထိုအတွက်လိုအပ်သော အခြေခံကျသည့် ပညာရေး၊ ဆေးဝါးကုသစောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုများပြုစုစောင့်ရှောက်ရေး၊ အလုပ်အကိုင်အာမခံချက်ရှိရေးစသည်များအတွက် အာမခံနိုင်သည့်စနစ်ဖြစ်ရမည်။

(၁၇) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး –– လူနှင့်အခြား သက်ရှိသက်မဲ့များ၏အပြန်အလှန်မှီခိုရပ်တည်ရှင်သန်နေသည့် ဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ အနာဂတ်မျိုးဆက်များနှင့် လူသားများအတွက် တာဝန်ခံလုပ်ဆောင်ရမည်။ နိုင်ငံအစိုးရနှင့် အုပ်ချုပ်ရေးဌာနအဆင့်ဆင့်၏တာဝန်ယူမှု တိုးတက်ကောင်းမွန်စေရမည်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ပြည်သူ့ရေးရာအဖွဲ့အစည်းများပါဝင်လုပ်ဆောင်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းများကောင်းမွန်စွာလုပ်ဆောင်နိုင်စေရမည်။

(၁၈) ပြည်ထောင်စုသမတနိုင်ငံ –– ဒေသဆိုင်ရာငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ညီညွတ်မျှတစွာဖြင့် ပူးပေါင်းပါဝင်ရေးနှင့် ထိန်းသိမ်းရေးကို တာဝန်သိသည့် နိုင်ငံကြီးတနိုင်ငံဖြစ်သည်ဟူသော သိက္ခာသမာဓိကို ထိန်းသိမ်းနိုင်ရမည်။ ဟောင်ကောင်နှင့် မကာအို၏လွတ်လပ်သောစနစ်ကို အကာအကွယ်ပေးရမည်။ လွတ်လပ်မှုနှင့် ဒီမိုကရေစီ၏သတ်မှတ်ချက်အောက်တွင် တန်းတူညီနှိုင်းဆွေးနွေးမှုများနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများပြုကာ အကောင်းဆုံးသဘောတူညီချက်အဖြေများကိုရယူမည်။ ဒီမိုကရေစီနှင့် ဖွဲ့စည်းပုံစနစ်အောက်တွင် တရုတ်ပြည်ထောင်စုသမတနိုင်ငံကိုထူထောင်၍ တိုင်းရင်းသားလူမျိုးစုအားလုံးသည် အပြန်အလှန်လေးစားမှုနှင့် အမြော်အမြင်ကြီးမားမှုများကို တိုးမြှင့်အားပေးသော နည်းလမ်းများ၊ အဖွဲ့အစည်းများကို ရှာဖွေထူထောင်သွားမည်။

(၁၉) တရားရေးဆိုင်ရာ အသွင်ကူးပြောင်းမှု –– အတိတ်ကနိုင်ငံရေးလှုပ်ရှားမှုများအတွင်း နိုင်ငံရေးအရဖမ်းဆီးနှိပ်ကွပ်ခံရသူများနှင့် ၄င်းတို့၏မိသားစုများအား နိုင်ငံအစိုးရက လျော်ကြေးပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ပေးခြင်းများပြုလုပ်ရမည်။ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရမည်၊ ယုံ

တဖက်သို့

## အကျဉ်းသားတွေကို ရွေးကောက်ပွဲကိစ္စလိုက်လံဆွေးနွေး

**RFA၊ ဩဂုတ် ၂၄။** ။ နအဖ စစ်အုပ်စုတာဝန်ရှိသူတွေက ထောင်တွင်းမှာရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ၂၀၁၀ ရွေးကောက်ပွဲကိစ္စ လိုက်လံဆွေးနွေးနေပြီး သဘောတူညီချက်ရပါက ထောင်ကနေပြန်လွှတ်ပေးနိုင်တယ်လို့ ထောင်သ တင်းရပ်ကွက်နဲ့နီးစပ်သူတွေက ပြောဆိုနေပါတယ်။

၈၈ ကျောင်းသားခေါင်းဆောင်တွေအပါအဝင် မြစ်ကြီးနားထောင်မှာရှိနေတဲ့ ကိုဇာဂနာ၊ ကိုလှမျိုးနောင်၊ ကိုမျိုးခင်၊ ကိုအေးသိန်းတို့အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို စစ်အစိုးရထိပ်ပိုင်းအာဏာပိုင်တွေ စရဖ ရဲအထူးသတင်းတပ်ဖွဲ့ တာဝန်ရှိသူတွေက တွေ့ဆုံဆွေးနွေးညှိနှိုင်းတာတွေ ရှိနေတယ်လို့သိရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲကိစ္စအပြင် အခြားအချက်အလက်တချို့နဲ့ ပတ်သက်လို့လည်း နိုင်ငံရေးအကျဉ်းသားတွေကို လိုက်လံညှိနှိုင်းဆွေးနွေးတာတွေရှိနေပြီး သဘောတူညီမှုရှိသူတချို့ကို မကြာမီရက်ပိုင်းတွေအတွင်း အခုပြန်လွှတ်ပေးနေတဲ့ ရာဇဝတ်သားတွေနဲ့အတူ တချို့ကိုပြန်လွှတ်ပေးနိုင်တယ်လို့ ထောင်သတင်းရပ်ကွက်က ပြောဆိုပါတယ်။

မြစ်ကြီးနားထောင်တင်မကဘဲ စစ်တွေ၊ မြင်းခြံ၊ အင်းစိန်စတဲ့ နိုင်ငံရေးအကျဉ်းသားတွေရှိတဲ့ ထောင်တချို့မှာ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက စစ်အစိုးရတာဝန်ရှိသူတွေ လာရောက်ဆွေးနွေးမေးမြန်းနေတာတွေ ရှိနေတယ်လို့ သိရပါတယ်။ ဒါ့အပြင် အတည်မပြုနိုင်သေးတဲ့ သတင်းတခုအရ လာမယ့်စက်တင်ဘာလ ၈ ရက်နေ့မှာ ရွေးကောက်ပွဲဆိုင်ရာဥပဒေတွေကို ထုတ်ပြန်နိုင်ဘို့ စစ်အစိုးရကပြင်ဆင်နေတယ်လို့လည်း သတင်းရရှိပါတယ်။

---

ကြည်ချက်ကြောင့် ထောင်သွင်းအကျဉ်းချခံရသူများ၊ ပြစ်ဒဏ်ချမှတ်ခံရသူများကို လွှတ်ပေးရမည်။ သမိုင်းကြောင်းအရ အမှန်အတိုင်းဖြစ်စေရန် အမှန်တရားဖော်ထုတ်ရေးဆိုင်ရာကော်မရှင်တရပ်ထူထောင်၍ တာဝန်ခံခြင်းနှင့် တရားမျှတမှုအပြည့်အဝရှိစေရေးတို့ရရှိစေကာ လူမှုအသိုင်းအဝိုင်းအတွင်း ကျေလည်အေးချမ်းမှုများရရှိစေမည့်အခြေခံအုတ်မြစ်ချရမည်။

နိဂုံး

ကမ္ဘာ့အင်အားကြီးနိုင်ငံတနိုင်ငံဖြစ်သည့် တရုတ်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတနိုင်ငံလည်းဖြစ်သည်၊ ထို့အတူ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်လည်ဖြစ်သည်၊ ထို့ကြောင့် လူသားများငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးတိုးတက်ရေးတို့တွင် ပါဝင်အားပေးလုပ်ဆောင်ကြိုးပမ်းသင့်သည်။ သို့သော် တရုတ်ပြည်သူပြည်သားများအတွက် ကြေကွဲဖွယ်ရာတခုမှာ ကမ္ဘာ့အင်အားကြီးတရုတ်နိုင်ငံသည် အာဏာရှင်နိုင်ငံရေးစနစ်ကိုကျင့်သုံးနေခြင်းဖြစ်သည်။ ထိုအတွက်ရလဒ်မှာ မဆုံးနိုင်သောလူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူမှုရေးဆိုင်ရာအကျပ်အတည်းများဖြစ်ပွားနေပြီး၊ တရုတ်ပြည်သူပြည်သားများ၏ဖွံ့ဖြိုးတိုးတက်မှုကို ချုပ်ကိုင်ထားရာရောက်နေခြင်းနှင့် လူသားတို့၏ ယဉ်ကျေးမှုတိုးတက်ရေးကို ဖျက်ဆီးရာရောက်နေပေသည်။

ဤအခြေအနေသည် ပြောင်းလဲရမည်ဖြစ်သည်။ ဒီမိုကရေစီအခြေပြုနိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် မည်သည့်နည်းနှင့်မျှ နှောင့်နှေးကြန့်ကြာရန် မသင့်ပေ။ ထိုကြောင့် ကျွန်ုပ်တို့သည် ပြည်သူ့ရေးရာစိတ်ဓာတ်ဖြင့် ဤချာတာ ၀၈ အား ရဲရဲဝံ့ဝံ့စွာဖြင့် အတည်ပြုထုတ်ဝေလိုက်ခြင်းဖြစ်သည်။ တရုတ်ပြည်သူပြည်သားအားလုံးသည် အစိုးရနှင့်ပြည်သူမခွဲခြားပဲ၊ အဆင့်အတန်းမခွဲခြားပဲ အားလုံးက လုပ်ဆောင်ရမည်ဟူသောအသိစိတ်ဖြင့် ယခုကဲ့သို့သော နိုင်ငံ့အကျပ်အတည်းများကို တာဝန်မျှဝေရယူကာ လုပ်ကိုင်ဆောင်ရွက်မည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ ဤသို့သော ပြည်သူ့လှုပ်ရှားမှုဖြင့် တရုတ်လူမှုအသိုင်းအဝိုင်းကို အကြီးအကျယ်အပြောင်းအလဲဖြစ်ပေါ်စေရေးကို ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်သည်။ သို့မှသာ နှစ်ပေါင်းရာနှင့်ချီ၍ ကျွန်ုပ်တို့၏ဘိုးဘွားစဉ်ဆက်က မျှော်မှန်းအိပ်မက်မက်ခဲ့ကာကြိုးပမ်းခဲ့ကြသည့် လွတ်လပ်၍ ဒီမိုကရေစီထွန်းကားသောဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီကျင့်ကြံသောတရုတ်နိုင်ငံသည် မဝေးလှသောအနာဂတ်တွင်ဖြစ်ထွန်းလာမည်ဖြစ်ပေသည်။

## ၂၀၁၀ အလိုမရှိ လှုပ်ရှားမှု စတင်ပြုလုပ်

**DVB၊ ဩဂုတ် ၂၇။** ။ မန္တလေးတိုင်း ပုဂံ ညောင်ဦးမြို့တွေမှာ ၂၀၁၀ ရွေးကောက်ပွဲ အလိုမရှိဆိုတဲ့ လှုပ်ရှားမှုတွေ ဒီနေ့ပြုလုပ်လိုက်ပါတယ်။

အဝါရောင် မှတ်ဆေးတွေနဲ့ ၂၀၁၀ ရွေးကောက်ပွဲ အလိုမရှိ ဆိုပြီး မြို့ရဲ့ ကားလမ်းမတွေပေါ်မှာ ရေးထားတာ တွေ့ရတယ်လို့ မြို့ခံ တချို့ကပြောပါတယ်။ ဒီနေ့ မနက် ၈ နာရီခန့်က ကိုယ်တိုင်သွားကြည့်လာတဲ့ ဒေသခံတဦးက ပြောပြပါတယ်။

"ပုဂံ–ညောင်ဦး လမ်းတလျှောက်မှာ မှတ်ဆေးနဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုအလိုမရှိ ဆိုပြီး ၂၀၁၀ ကို ကြက်ခြေခတ်ထားတယ်။ နောက်တခုက ဖရီးဘားမားလို့ ရေးထားတယ်။ နိုင်ငံရေးအကျဉ်းသားတွေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူပြည်သားအားလုံးကို လွှတ်လပ်စေချင်တဲ့ စာသားပေါ့။ "

"ညောင်ဦးကနေ ပုဂံမြို့သစ်ကိုသွားတဲ့လမ်း ကွင်းထမ်းမင်း ရွာနားက ဘုရားနားမှာ ရေးတယ်။ အာနန္ဒာဘုရားနားမှာလည်း ရေးတယ်။ ပုဂံ ရှေးဟောင်းပြတိုက်ရှေ့က ကတ္တရာလမ်းမှာ ရွှေရောင်စာလုံးတွေနဲ့ရေးတယ်။ မြင်းကပါ ကုန်းဆင်းမှာ ရေးတယ်၊ ပုဂံမြို့သစ် မြို့လယ် ဘုရားနားမှာလည်းရေးတယ်။ ခန့်မှန်းခြေ ၆ နေရာလောက် ရေးတယ်။"

ဒီလှုပ်ရှားမှုတွေကို အာဏာပိုင်တွေ သိသွားပြီး ဆေးအမည်းတွေနဲ့ လိုက်ဖျက်တဲ့အခါ ဖျက်ရာမရောက်ဘဲ ဆေးအမည်းနဲ့ထပ်ရေးသလို ဖြစ်နေတယ်လို့ အဲဒီ ဒေသခံက ပြောပါတယ်။

"အာဏာပိုင်တွေဘက်က စာတွေကို လိုက်ဖျက်ပြီး စုံစမ်းနေကြတယ်။" ဒီလှုပ်ရှားမှုနဲ့ပတ်သက်လို့ ဖမ်းဆီးစစ်ဆေးတာမရှိပေမယ့် လုံခြုံရေးကို တိုးမြှင့်ချထားလိုက်တယ်လို့ မြို့ခံတွေက ပြောပါတယ်။

---

### စာမျက်နှာ ၂ မှ

တရုတ်ပြည်ထဲ ရောက်တဲ့သူတွေက တရုတ်သတင်းစာ အရ ၂ သောင်းဝန်းကျင်ရှိနေပြီတဲ့။ ပထမပိုင်းက ဝင်လာတဲ့ အုပ်စုက တရုတ်ပြည်က တရုတ်တွေဖြစ်တော့ သူတို့ကို အထဲထဲကို ပြန်လွှတ်လိုက်တယ်။ နောက်ပိုင်းဝင်တဲ့ အင်အားကတော့ ကိုးကန့်က တရုတ်တွေဖြစ်မယ်ထင်တယ်။ မနက်က ရဲတွေ သေနတ် ၇ လက်နဲ့ လူ ၇ ယောက်ဝင်လာတဲ့ကိစ္စ သူတို့ ကန့်ကွက်တယ်ပြောတယ်။ သေနတ်ပစ်တာကိုရပ်ပြီးတော့ သေချာဆွေးနွေးကြဖို့ပဲရှိတယ်။ ဖုန်ကျားရှင်ပြောတဲ့ ကြေညာချက်ထဲမှာ ပြဿနာရဲ့အဖြေက ပါဝင်ကြတဲ့လူတွေ နှစ်ဘက် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ထိုင်ဆွေးနွေးကြတာ အကောင်းဆုံး ဖြစ်လိမ့်မယ်။ မဆွေးနွေးနိုင်ဘူးဆိုရင် စစ်ပွဲတွေဖြစ်သွားနိုင်တယ်။"

အခြေနေဟာ ရှုပ်ထွေးနေဆဲဖြစ်ပြီး အခုအချိန်ထိ တိုက်ပွဲတွေဖြစ်နေကာ လက်နက်ကြီးတချို့ တရုတ်နယ်ထဲအထိ ကျွံကျတာမျိုးရှိနေတယ်လို့ ယူဆရပြီး နအဖဘက်ကလည်း စစ်ကူတွေအများအပြား ထပ်ပို့နေတယ်လို့ သိရပါတယ်။ ဒီတိုက်ပွဲတွေနဲ့ပတ်သက်ပြီး ကိုးကန့်ဘက်ကိုရော၊ နအဖဘက်ကိုပါ ဆက်သွယ်မေးမြန်းလို့မရသေးပါဘူး။

တိုက်ပွဲတွေကြောင့် ထွက်ပြေးလာတဲ့ တရုတ် ကိုးကန့်စစ်ပြေးဒုက္ခသည်ပေါင်း သုံးသောင်းကျော်ဟာ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ထဲ ပြေးဝင်ခိုလှုံတယ်ဆိုတဲ့ သတင်းတွေကြောင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက စိုးရိမ်မကင်းဖြစ်ရကြောင်း ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ဒီဒုက္ခသည်တွေအတွက် ဘာတွေလိုအပ်နေသလဲဆိုတာ UNHCR က အာဏာပိုင်တွေနဲ့ ညှိနှိုင်းနေပါတယ်။ မြန်မာနိုင်ငံဘက်က သုံးသောင်းအထိရှိတဲ့ ဒုက္ခသည်တွေ နအဖစစ်တပ်နဲ့ တိုင်းရင်းသားတပ်ဖွဲ့တွေအကြား ဖြစ်ပွားတဲ့ စစ်ပွဲတွေကို တိန်းရှောင်ရင်း တရုတ်နိုင်ငံဘက်က နေရာတချို့ဆီကို ဩဂုတ်လ ၈ ရက်နေ့ကစပြီး ဝင်ရောက်လာနေကြတာဖြစ်ပါတယ်။

ယူနန်အာဏာပိုင်တွေအနေနဲ့ ဒုက္ခသည်တွေအတွက် နေစရာ စားစရာနဲ့ ဆေးဝါးတွေ ထောက်ပံ့ပေးထားတယ်လို့လည်း သိရှိရပါတယ်။

# ရန်ကုန်ရှိ တက္ကသိုလ်ကျောင်းသားသူများ အခက်အခဲမျိုးစုံကြုံနေရ

**NEJ၊ ဩဂုတ် ၂၈။** ။ ရန်ကုန်မြို့ပြင် တက္ကသိုလ်များတွင်တက်ရောက်ကြသည့် ကျောင်းသူ ကျောင်းသားများသည် ပညာသင်ကြားနိုင်ရေးအခက်ကြုံနေကြသည်သာမက အဆင့်အတန်းမမီသည့် ကျောင်းဆောက်လုပ်ရေး ယိုယွင်းပျက်ဆီးမှုကြောင့်ပါ အခက်အခဲဖြစ်နေကြရကြောင်း သိရပါတယ်။

ရွှာသာကြီး စီးပွားရေးတက္ကသိုလ်ကျောင်းသားတဦးက“ကျနော်တို့ကျောင်းကအိမ်သာ သန့်စင်ခန်းတွေက ရေအမြဲပြတ်နေတော့ ဘယ်သူမှမသုံးချင်ကြဘူး။ အများစုက သုံးလို့ကိုမရတော့တာ။ ကျောင်းရှေ့က စားသောက်ဆိုင်တွေကိုဘဲ ကျောင်းသားတွေအားကိုးနေရတယ်။ သန့်ရှင်းရေးလုပ်တာလည်းမရှိတော့ ကျန်းမာရေးထိခိုက်တာပေါ့။ တချို့ဆရာမတွေဆို ကျောင်းသူတွေကိုသနားလို့ သူ့တို့အိမ်သာကသော့ကို တောင်းရင် ပေးတယ်။”လို့ပြောပါတယ်။

နအဖ စစ်အစိုးရက ၂၀၀၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့အပြင် ၁၂ မိုင်အကွာအရပ်လေးမျက်နှာသို့ တက္ကသိုလ်များကို ပြောင်းရွှေ့ဆောက်လုပ်ခဲ့ပြီး သန်လျင်တွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရွှာသာကြီးတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဒဂုံမြောက်တွင် ဒဂုံတက္ကသိုလ်နှင့် လှည်းကူးတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ဆိုပြီးအမည်ပေးခဲ့ပါတယ်။

ဖြ လအတွင်း အပြီးသတ်တည်ဆောက်ထားခဲ့တဲ့ စီးပွားရေးတက္ကသိုလ်လေးထပ်ဆောင် ၂ ဆောင်အနက် အနောက်ဘက်အဆောင်သည် ယခုအခါ ၃ ထပ်နှင့် ၄ ထပ်မြောက်တွင် အက်ကြောင်းကြီးများဖြစ်ပေါ်နေ၍ ပြိုကျမည်စိုးသဖြင့် ထိုအဆောင်တွင် မည်သူမှအတန်းမတက်လိုကြကြောင်းလည်း အထက်ပါ စီးပွားရေးတက္ကသိုလ်ကျောင်းသားဖြစ်သူက ပြောပါတယ်။

“အဲဒီနောက်ဘက်တိုက်ကို Ever Green ဆောက်လုပ်ရေးက ၂၀၀၁ ခုနှစ်ကဆောက်ထားတာ၊ အပေါ်ဆုံးထပ်က အပြင်ဘက်လူသွားလမ်းမှာတောင် အက်ကွဲနေရုံမကဘူး အက်ကွဲကြောင်းကြီးက အခန်းထဲအထိ တောက်လျှောက်ဘဲ။ ဒါကြောင့် အဲဒီအဆောင်မှာ ဘယ်သူမှာစာမသင်ချင်ကြဘူး။”လို့ပြောပါတယ်။ မြို့ပြင်တက္ကသိုလ်ကျောင်းသူ ကျောင်းသားများဟာ Roll Call ခေါ် အတန်းတက်မှတ်တမ်းရရှိရန်အတွက်သာ အပင်ပန်းခံ၍သွားရောက်နေကြခြင်းဖြစ်တယ်လို့ တက္ကသိုလ်ကျောင်းသူတဦးရဲ့မိခင်ဖြစ်သူ ပညာရေးဝန်ထမ်းတဦးက ပြောပါတယ်။

“Roll Call မပြည့်ရင် စာမေးပွဲဖြေခွင့်မရှိဘူးဆိုတော့ Roll Call သွားယူပြီးရင် ပြန်လာကြတာဘဲ။ စာသင်ခန်းမှာ သူတို့အတွက် မယ်မယ်ရရလေ့လာစရာတွေလည်း ရှိမှမရှိဘဲကိုး။ သမီးပြောပြတာက လေးနာရီကျောင်းလွှတ်ရင် ဖယ်ရီကားတွေကလည်း အလုံအလောက်စီစဉ်ပေးထားတာမဟုတ်ဘူး။ ကားပေါ်မှာလည်း နေရာယူထားရသေးတယ်။ ခရီးကဝေးတာကိုး။”လို့ ပြောပြပါတယ်။

ယနေ့အချိန်တွင် တက္ကသိုလ်ဘွဲ့တခုတည်းဖြင့် အလုပ်အကိုင်ရရှိရန် အလွန်ခဲယဉ်းနေသဖြင့် ပြင်ပသင်တန်းကျောင်းများကို ကျောင်းသူ ကျောင်းသားအများစုက တချိန်တည်းတွင် တက်ရောက်နေကြရတယ်လို့လည်း အဆိုပါပညာရေးဝန်ထမ်းတဦးက ပြောပါတယ်။ ရန်ကုန်မြို့ပြင် တက္ကသိုလ်များမှ မြို့တွင်းသို့ ကျောင်းအကြိုပို့ကားများဖြင့်သွားလျှင် ၄၅ မိနစ်ကျော်ကြာပြီး လိုင်းကားဖြင့်သွားပါက ၁ နာရီခွဲခန့် ကြာတယ်လို့သိရပါတယ်။

နယ်မြို့များမှလာသည့် ကျောင်းသူ ကျောင်းသားအချို့မှာလည်း နေရာထိုင်ခင်းအတွက် အဆင်မပြေဖြစ်ကြရတယ်လို့ မွန်ပြည်နယ်မှ စီးပွားရေးတက္ကသိုလ်တက်ရောက်နေသူတဦးက ပြောပါတယ်။ “စီးပွားရေးကျောင်းက ယောက်ျားတွေအတွက်ကို ဒဂုံတောင်သွားတဲ့လမ်း လယ်ကွင်းပြင်က ကျန်စစ်သားဆောင်မှာထားတယ်။ မိန်းကလေးတွေကိုကျတော့ ရွှာသာကြီးတက္ကသိုလ်ကနေ ပဲခူးဘက်ကိုထပ်သွားတဲ့ လေးထောင့်ကန်အနားက ယုဇနအိမ်ယာဆိုတာရှိတယ်၊ အဲဒါကို ဒီဇင်ဘာဆောင်ဆိုပြီးတော့ နေရာချပေးတယ်။ အဲဒီနေရာတွေက အရင်က လူသူရှိတာမဟုတ်ဘူး။”လို့ ပြောပါတယ်။

ကျောင်းမှနေရာချပေးထားတဲ့ မြို့ပြင်အဆောင်များသည် လုံခြုံမှုမရှိသောကြောင့် ကျောင်းသားအများစုသည် သွားလာရေးလွယ်ကူသည့် မြို့တွင်းပိုင်းတိုက်ခန်းများတွင် လူစုကာ ငှားရမ်းနေထိုင်ကြရသဖြင့် လစဉ်ကုန်ကျစရိတ်မှာ နှစ်သိန်းကျော်အထိရှိကြောင်း သိရှိရပါတယ်။

---

**မျက်နှာဖုံးမှ**

ဆွေးနွေးခဲ့တယ်လို့ ဦးအုန်းကြိုင် ကပြောပါတယ်။

မြန်မာနိုင်ငံကိုလာရောက်သူတွေဟာ ကာလီဖိုးနီးယားပြည်နယ် ဒီမိုကရက်တစ် အောက်လွှတ်တော်အမတ်ရဲ့ ဆက်သွယ်ရေးဒါရိုက်တာနဲ့ ကျွမ်းကျင်သူအရာရှိ၊ နောက် ဖလော်ရီဒါပြည်နယ် ရီပတ်ဘလစ်ကန် အောက်လွှတ်တော်အမတ်ရဲ့ ကျွန်းကျင်သူအရာရှိတို့ဖြစ်ပါတယ်။

အခုခရီးစဉ်အတွင်း အမေရိကန်အရာရှိတွေဟာ မပြန်ခင်မှာ နာဂစ်ဆိုင်ကလုန်း လေဘေးဒဏ်သင့်ရာ မြစ်ဝကျွန်းပေါ်ဒေသဘက်ကို သွားရောက်ဘို့လည်း ရှိပါတယ်။ ဒါဟာဆိုရင် ဗာဂျီးနီးယားပြည်နယ်က အမေရိကန်အထက်လွှတ်တော်အမတ် Jim Webb မြန်မာနိုင်ငံကပြန်သွားပြီး သီတင်းနှစ်ပတ်တောင်မရှိသေးတဲ့အချိန်တွင်းမှာဘဲ အမေရိကန်အောက်လွှတ်တော်နဲ့ ဆက်စပ်တဲ့လူပုဂ္ဂိုလ်တွေ ရောက်ရှိလာတာလည်းဖြစ်ပါတယ်။

---

# ဆားလုပ်ငန်းရှင်များ ချေးငွေ ပြန်ဆပ်ရ

**DVB၊ ဩဂုတ် ၂၄။** ။ နာဂစ်မုန်တိုင်းဒဏ် ဆိုးဆိုးဝါးဝါးခံခဲ့ရတဲ့ ဧရာဝတီတိုင်းက ဆားလုပ်ငန်းရှင်တွေ ဒီလကုန်မှာ နအဖကထုတ်ချေးပေးတဲ့ ချေးငွေတဝက် ပြန်ဆပ်ဖို့ တောင်းခံနေပြီဖြစ်ပါတယ်။

နအဖစစ်အုပ်စုက သတ္တုတွင်းဝန်ကြီးဌာနရဲ့ အာမခံချက်နဲ့ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်က ဆားလုပ်ငန်းရှင်တွေကို လုပ်ငန်းပြန်လည်ထူထောင်ရေးအတွက် မနှစ်က ငွေထုတ်ချေးခဲ့ပါတယ်။ စတင်ချေးငှားစဉ်ကတည်းက တနှစ်ကို တဝက်နှုန်းနဲ့ ၂ နှစ် ပြန်ဆပ်ရမယ်လို့ပြောပြီး ထုတ်ချေးခဲ့တာကြောင့် အခု ရာသီချိန်တနှစ်အကုန်မှာ ချေးငွေတဝက် ပြန်ဆပ်ခိုင်းတာလို့ လပွတ္တာက ဆားလုပ်ငန်းရှင်တဦးက ပြောပါတယ်။

“ဘယ်နှစ်ရာခိုင်နှုန်းပဲပေးပေး ပေးတာလက်ခံတယ်လို့ အောက်အဖွဲ့အစည်းက နှုတ်နဲ့ပြောတာ။ စာနဲ့ပေနဲ့ထွက်ပြီး ပြောတာတော့မဟုတ်ဘူး။ တိုင်းကတော့ ၅၀ ရာခိုင်နှုန်းပြန်ဆပ်ဖို့ တောင်းတာ။ ပေးနိုင်တဲ့ အတိုင်းအတာကိုလက်ခံမယ်လို့ပြောပြီး ပြန်လည်းသွားရော နောက်ထပ်စာတစောင်က မဖြစ်မနေ ၅၀ ရာခိုင်နှုန်းကို ၈ လပိုင်းအကုန် ပေးရမယ်ဆိုတဲ့ စာတစောင် ထပ်ထွက်လာတော့ မပေးလို့မရဘူးလေ၊ ပေးတော့ ပေးရမှာပေါ့။”

ဒီနှစ် ဆားအထွက်နှုန်းနဲ့ ဈေးနှုန်းအရ အတော်များများ ပြန်ဆပ်နိုင်ကြပေမယ့် မဆပ်နိုင်တဲ့သူတွေလည်းရှိတယ်လို့ သူကပြောပါတယ်။ ပြန်မဆပ်နိုင်တဲ့သူတွေဟာ များသောအားဖြင့် ရာသီဥတုဖောက်ပြန်မှုနဲ့ ငွေကြေးကို တခြားနေမှာ သုံးစွဲမှုကြောင့်ဖြစ်တယ်လို့အဲဒီလုပ်ငန်းရှင်က ပြောပါတယ်။

“တချို့ကျတော့ ရာသီရဲ့ဖောက်ပြန်မှုကြောင့် ငွေကြေး အဆင်မပြေဘူးပေါ့။ ထုတ်ပေးတဲ့ဟာကတော့ အကုန်စိုက်သုံးလိုက်တယ်။ လောလောဆယ်အောင်းထားနိုင်မယ့် ဆားကို မသိုလှောင်နိုင်လို့ ရာသီထဲမှာ ရောင်းလိုက်တဲ့လူကျတော့ ဈေးကောင်းမရဘူး။ ကုန်သည်တွေ ငွေကြေးရတာနည်းလို့ မဆပ်နိုင်ကြသလို တချို့ကျက ဒီငွေကြေးကို အခြားနေရာမှာ လေလွင့်သွားလို့မဆပ်နိုင်တာရယ် နှစ်ပိုင်းတော့ရှိတယ်။”

ဒီလမကုန်ခင် မဖြစ်မနေ ချေးငွေတဝက်ဆပ်ရမယ်လို့ စာထုတ်ထားတာကြောင့် ဆားလုပ်ငန်းရှင်တချို့ဟာ ငွေတိုးနဲ့ချေးပြီး ပြန်ဆပ်နေကြတယ်လို့ သူကပြောပါတယ်။ နာဂစ်လေမုန်တိုင်းတိုက်ခတ်လို့ ဧရာဝတီတိုင်းက ဆားကွင်းတွေ ရေမြုပ်ပျက်စီးခဲ့ပြီးတဲ့နောက် နအဖက ဆားတကေကို သုံးသိန်းနှုန်းနဲ့ ကေနှုန်းထားအလိုက် လုပ်ငန်းရှင်တွေကို ငွေထုတ်ချေးပေးခဲ့တာပါ။

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

# သတင်းပြက္ခဒိန်

**ဩဂုတ် ၂၀၊ ပျဉ်းမနား ။ ။** ပျဉ်းမနားဗိုလ်ချုပ်ကျောက်တိုင်တွင် ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ် ဆိုင်းဘုတ်ကိုင်ဆန္ဒပြ၍ အဖမ်းခံရသူ ကဗျာကိုညီဗလ ခံဝန်ချက်ဖြင့်လွှတ်လာ၏။

**ဩဂုတ် ၂၀၊ DVB ။ ။** စားသောက်ဆိုင်နှင့် လွှက်ရည်ဆိုင်များမှ ဝင်ငွေခွန် ၁၀ ရာနှုန်းကောက်ခံမည်ဟု ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှဆို၏။

**ဩဂုတ် ၂၁၊ PARIS ။ ။** ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်ပေးမှုသည် ရက်စက်ရုတ်မာမတရားမမျှတသော စီရင်ချက်ဟု ပြင်သစ်သမတ Nicolas Sarkozy မှ ဆို၏။

**ဩဂုတ် ၂၁၊ Newsweek ။ ။** ဒေါ်အောင်ဆန်းစုကြည်အိမ်ဝန်းသို့ မိမိအဝင် နအဖ အစောင့်များမှမတားခဲ့တဲ၊ AK47 ကိုင်ထားသူမှ လက်ဆွဲနှုတ်ဆက်ကြောင်း Newsweek သီးသန့်မေးမြန်းတွင် အမေရိကန်သို့ပြန်ရောက်လာသူ အမေရိကန်နိုင်ငံသား မြန်မာပြည်နှင့်ဒေါ်အောင်စုကြည်အား လွတ်စေလိုသည်ဟုဆိုသူ ယက် တောမှဆို၏။

**ဩဂုတ် ၂၁၊ DVB ။ ။** ကျောက်ပန်းတောင်းမှ ဆိုင်ကယ်လမ်းများ၍ဒဏ်ရိုက်ခံရသူအား ရိုက်နှက် အိပ်ထဲမှုးယစ်ဆေးထဲ့ဖမ်းပြီး၊ ပုဒ်မ ၂ ခုဖြင့် တရားစွဲထောင်တနှစ်ချခဲ့၏။

**ဩဂုတ် ၂၁၊ DVB ။ ။** နအဖ သည် SSA တပ်အား ပြည်သူ့စစ်အသွင်ဖွဲ့ရန် သုံးကြိမ်မြောက် ဖိအားပေးခဲ့၏။

**ဩဂုတ် ၂၁၊ DVB ။ ။** ယမန်နေ့ နိုင်ငံရေးအကျဉ်းကျ အမှုများတွင် မိသားစုမှတရားရုံးသို့ တက်ရောက်ကြားနာရန် အတင်းဖိတ်ခေါ်နေ၍ ထူးခြားကြောင်း။

**ဩဂုတ် ၂၂၊ DVB ။ ။** နအဖ သည် နောင် ၅ နှစ်အတွင်း အနုမြူပုံးစမ်းသပ်ဖောက်ခွဲနိုင်မည့်သတင်း ထွက်ခဲ့ရာ မြန်မာကို အနုမြူအဖွဲ့များမှစောင့်ကြည့်မည်။

**ဩဂုတ် ၂၂၊ DVB ။ ။** ဘတ်စ်ကားတစီးလုံးအနက် နိုင်ငံရေးအကျဉ်းသားအား ထောင်ဝင်စာတွေ့မိသားစုဝင်များအား ရွေး၍ စစ်ဆေးရှာဖွေ နှောင့်ယှက်နေကြောင်း။

**ဩဂုတ် ၂၃၊ Pandia ။ ။** နအဖ ၏ မြန်မာကွန်ပြူတာပညာရှင်များအဖွဲ့ MCPA စာချိအင်ဂျင်ပြိုင်ပွဲသည် စင်စာပိတ်ပင်တည်းဖြတ်မှုပညာ တိုးချဲ့ရန်ဟု Pandia မှထင် ကြောင်း။

**ဩဂုတ် ၂၃၊ DVB ။ ။** ကမ္ဘာ့အလုပ်သမားအဖွဲ့ ILO သို့မတိုင်ရန်ပြောပြီး နအဖ သည် ညောင်လေးပင်မှကလေးစစ်သည်အချို့အား ပြန်လွှတ်ခဲ့၏။

**ဩဂုတ် ၂၄၊ DVB ။ ။** တောင်ကုတ်ရိုတံတားနံရံ စသည်တို့တွင် FREE AUNG SAN SUU KYI ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ် ပိုစတာငယ်များ ကပ်ချိတ်လှုပ် ရှားနေ၏။

**ဩဂုတ် ၂၄၊ DVB ။ ။** IBTC ပိုင် လှည်းကူး and Royal အရက်စက်ရုံ ဩဂုတ် ၂၁ ကြောင့် သုံးဦးသေ ၊ ၁ ဦးပျောက်၊ ဖ ဦးဆေးရုံတင်၊ ကားမီးလောင်၍ ဒေါ်လာ ၇ သန်းခန့်ဆုံးရှုံးခဲ့၏။

**ဩဂုတ် ၂၄၊ DVB ။ ။** သံဃာသပိတ်တွင် သံဃာအားလုံးပါဝင်ရန် နအဖ နှင့်ပူးပေါင်းသံဃာများအား ပကာသနိယကံဆောင်မည်ဟု သံဃာသမဂ္ဂလှုပ်ရှားမှုအဖွဲ့မှဆို၏။

**ဩဂုတ် ၂၄၊ DVB ။ ။** ရှင်ရှင်အစည်းအရုံးကို မဲပေးစနစ်ဖြင့် လူကြီးရွေးချယ်ရန် နအဖ မှမိန့်ထား၍ ဗဟိုမှရွေးချယ်သည့်လူသာ ဖြစ်မည်စိုးနေကြကြောင်း။

**ဩဂုတ် ၂၄၊ ASAHI ။ ။** ဂျပန်သို့ နအဖ လယ်ယာစိုက်ဝန်ကြီး ကြံ့ဖွံ့လူကြီးဦးဌေးဦး လာခဲ့မှုကို ဂျပန်အဖွဲ့ များနှင့်အတူ မြန်မာလှုပ်ရှားသူများရာချီ၍ ဆန္ဒပြခဲ့၏။

**ဩဂုတ် ၂၄၊ WP ။ ။** မြန်မာတွင် လူထုလှုပ်ရှားမှု လှုံ့ဆော်မှုများ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူသားချင်းစာနာမှုအဖွဲ့ မျိုးပုံစံ ဖြင့်ပြန့်နေ၏။

**ဩဂုတ် ၂၄၊ DVB ။ ။** တေးဂီတဦးကျော်ဇင်မောင်အား နိုင်ငံရေးမလုပ်ရန် ဆန္ဒပြပွဲမှာမပါဝင်ဘို့ သူ့အိမ်နေ ကို —အား ခေါ်မေး၏။

**ဩဂုတ် ၂၄၊ DVB ။ ။** ဘူးသီးတောင်ကားလမ်းဘေးတွင် ဖောက်ခွဲရေးပုံးတလုံးတွေ့ကြောင်း။

**ဩဂုတ် ၂၄၊ DVB ။ ။** မဖွံ့မြဒေသ သမိုင်းပြုစုခဲ့သူ ကျောက်ဖြူဇာတိ ပါမောက္ခဦးလှထွန်းဖြူ ၆၁ နှစ် ကွယ်လွန်ကြောင်း။

**ဩဂုတ် ၂၅၊ RGN ။ ။** မျိုးဆက်လှိုင်းသစ် Generation Wave သည် ယနေ့ ရန်ကုန်လူမြင်သာမည့်နံရံများတွင် ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး လှုံ့ဆော်စာ များရေးခဲ့၏။

**ဩဂုတ် ၂၅၊ SEOUL ။ ။** တောင်ကိုးရီးယားမှ ဒိုင်းဝူးနှင့်အဖွဲ့သည် မြန်မာတွင် ဒေါ်လာ ၅ ဒသမ ဖ ဘီလီယံ ယင်းနီးမြှုပ်နှံမည်ဖြစ်ကြောင်း။

**ဩဂုတ် ၂၅၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျဉ်းချမှုသည် ယခင်ထက် ကန့်သတ်ချုပ်ချယ်မှုများပြားပြင်းထန်ကာ ဆရာဝန်တွေ့ ခွင့်မရကြောင်း။

**ဩဂုတ် ၂၆၊ JKT Post ။ ။** အာဆီယံအား လူ့အခွင့်အရေးတရားရုံးဖွဲ့ရန် လူ့အခွင့်အရေးအဖွဲ့ အင်ဂျီအိုများမှတိုက်တွန်းကြောင်း (Ary) Hermawan မှ သတင်းဝေဖန်၏။

**ဩဂုတ် ၂၇၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်အမှု အယူခံရန် ဦးဉာဏ်ဝင်းအပါအဝင် ရှေ့နေများ ၂ နာရီကြာသူမနှင့်တွေ့ဆုံခွင့်ရခဲ့ကြောင်း။

**ဩဂုတ် ၂၇၊ DVB ။ ။** မင်းကိုနိုင်ကျန်းမာရေးမကောင်းကြောင်း၊ Voice ဂျာနယ်လည်းမရဟု မင်းကိုနိုင်၏ညီမ ခင်မိမိကြွယ်မှဆို၏။

**ဩဂုတ် ၂၇၊ DVB ။ ။** ကိုးကန့်တပ်သို့ပစ်သည့် နအဖ တပ်ပုံးကျည် တရုတ်မြေပေါ်ကျ၍ တရုတ်မှ မြန်မာအား အခြေအနေထိန်းသိမ်းရန် ထူးခြားစွာသတိပေးခဲ့၏။ ကိုးကန့်ဘက်က ‘ဝ’ တပ် ပါလာနိုင်သည်ဟု ဦးအောင်ကျော်ဇောမှဆို၏။

**ဩဂုတ် ၂၇၊ DVB ။ ။** ထိပ်သီးနိုင်ငံရေးအကျဉ်းသားများ အာဏာပိုင်များ လွှတ်ငြိမ်းခွင့်နှင့်ပတ်သက်၍ လာမမေးသေးကြောင်း။

**ဩဂုတ် ၂၇၊ DVB ။ ။** ကိုးကန့်အား နအဖ မှဝင်တိုက်ခြင်းသည် စည်းရုံးမရ၍ အကြမ်းဖက်ခြင်းဖြစ်၏။ ငြိမ်းချမ်းစွာဖြေရှင်းရန် NDF မှ ဒေးဗစ်သာကပေါမှ တောင်းဆို၏။

**ဩဂုတ် ၂၈၊ Mizzima ။ ။** မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့အဖွဲ့သည် ပဲခူး၊ ရေ၀တီ၊ ရန်ကုန်တိုင်းတို့တွင် အဖွဲ့ခွဲများဖွဲ့နေကြောင်း ABSFU ကျောင်းသားအဖွဲ့မှဆို၏။

**ဩဂုတ် ၂၇၊ DVB ။ ။** ပုဂံတွင် နိုင်ငံခြားခရီးသည်များဆွဲဆောင်ရန် ညစျေးဖွင့်မည်ဆိုကြောင်း။

**ဩဂုတ် ၂၇၊ DVB ။ ။** နအဖ တပ်မှမီးရှို့ဖျက်ဆီးခဲ့သည့် ရှမ်းရွာမှအိမ်များအား ထွက်ပြေးနေသောအိမ်မီးရှို့ခံရသူရွာသားများ မိမိအိမ်မိမိ ပြန်ဆောက်ခိုင်းကြောင်း။

**ဩဂုတ် ၂၇၊ DVB ။ ။** ပုသိမ် ရယက ရုံးတွင်ထိန်းသိမ်းထားသူတဦး သေဆုံးရာ အဓိက တာဝန်ရှိသူများအစား အဖွဲ့ဝင်တဦးအား မတရားစွဲထားကြောင်း။

**ဩဂုတ် ၂၈၊ GENEVA ။ ။** ရှမ်းပြည်မြောက်ပိုင်းမှ ရှမ်းတိုင်းရင်းသား ၁၀,၀၀၀–၃၀,၀၀၀ တရုတ်သို့ဝင်ရောက်ခိုလှုံနေ၍ ကုလမှကူညီရန် စဉ်းစားတွက်ချက်နေကြောင်း။

**ဩဂုတ် ၂၈၊ BKK ။ ။** ကမ္ဘာ့စီးပွားရေးကပ်ကြောင့် ထိုင်းရှိမြန်မာလုပ်သားများ အထူးထိခိုက် ဘ၀ခက်ခဲကြောင်း နယ်ပြောင်းလုပ်သားကူညီအဖွဲ့ MAP မှဆို၏။

**ဩဂုတ် ၂၈၊ Irrawaddy ။ ။** Lynne Weil, Jessica Lee, Dennis Halpin အမေရိကန်အမတ် ၃ ဦး ယနေ့အဲန်အဲယ်လ်ဒီနှင့်တွေ့ခဲ့သည်ဟု ဦးဉာဏ်ဝင်းမှဆို၏။

**ဩဂုတ် ၂၈၊ DVB ။ ။** မှတ်ဆေးဖြင့် ၂၀၁၀ ရွေးကောက်ပွဲ အလိုမရှိဆိုင်းဘုတ်များ ပုဂံညောင်ဦးတွင် ပြန့်နေကြောင်း။

# ကုန်စျေးနှုန်းကျဆင်းရေး အဖွဲ့ဝင်များကို ထောင်ဒဏ် ဆက်ပေးနေဆဲ

**DVB ၊ ဩဂုတ် ၂၂။** ။ ကုန်စျေးနှုန်းကျဆင်းရေးအဖွဲ့က ကိုဖိုးတုတ်ခေါ် ကိုခင်မောင်ချိုကို ရန်ကင်းမြို့နယ်တရားရုံးက ဒီနေ့ ထောင်ဒဏ် ၈နှစ် စီရင်ချက် ချမှတ်လိုက်တယ်လို့ သိရပါတယ်။ ပုဒ်မ ၁၇-၁ နဲ့ ၃နှစ်၊ ပုဒ်မ ၁၇-၂ နဲ့ ၅နှစ် ပေါင်း ၈ နှစ် ချလိုက်တာလို့ မိသားစုနဲ့ နီးစပ်သူတဦးက ပြောပါတယ်။

အသက် ၅၀ အရွယ် ကိုဖိုးတုတ်ကို မနှစ် နိုဝင်ဘာလအတွင်း ကြည့်မြင်တိုင်မြို့နယ် တရားရုံးကနေ ပုဒ်မ ၄ ခုနဲ့ ထောင်ဒဏ် ၂၄ နှစ် ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလို ထောင်နှစ်ရှည်ချပြီး ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ အင်းစိန်ထောင်ကနေ ခန္တီးထောင်ဆီ ပို့ဆောင်လိုက်ပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်းမှာ အင်းစိန်ထောင်ကို ပြန်ခေါ်ပြီး ထပ်မံတရားစွဲ ထောင်ချလိုက်တာဖြစ်ပါတယ်၊ ကိုဖိုးတုတ်ဟာ စုစုပေါင်း ထောင်ဒဏ် ၃၂ နှစ် ကျခံရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ကိုဖိုးတုတ်ကို အင်းစိန်ထောင်အရာရှိ ကျော်ဖေဟူယုဆိုသူက အသက်အန္တရာယ်ကို ခြိမ်းခြောက်တဲ့အထိ ပြောဆိုခဲ့တယ်လို့ မိသားစုနဲ့နီးစပ်သူတဦးက ပြောပြပါတယ်။

"၁၆ ရက်နေ့က အကျဉ်းကျနေတဲ့ မောင်ဖိတ်ကို အာဏာပိုင်တွေက မျက်နှာသာပေးပြီးတော့ ဂျာနယ်၊ မဂ္ဂဇင်းတွေပေးဖတ်တယ်။ အဲ့တော့ ကိုဖိုးတုတ်က သူတို့ကိုလည်း ပေးဖတ်ဖို့တောင်းဆိုတာကို အရာရှိကျော်ဖေဟူယုက မင်းတို့ ၅ ညတွေကို သေအောင် သတ်ပစ်လို့ရတယ်ဆိုပြီး ခြိမ်းခြောက်လိုက်တယ်။ ဘယ်သူ့ကို ဆိုလိုတာလည်းလို့ ပြန်မေးတော့ အရာရှိ ကျော်ဖေဟူယုက မင်းတို့နိုင်ငံရေးသမားတွေကို ပြောတာတဲ့။ အဲ့ဒါနဲ့ သူတို့ပြဿနာတက်ကြတယ်။"

ကုန်စျေးနှုန်းကျဆင်းရေးအဖွဲ့ ခေါင်းဆောင် ကိုထင်ကျော်ကိုတော့ ထောင်နှစ်ရှည်ချပြီး မိသားစုနဲ့ ဝေးတဲ့ ခန္တီးထောင်ဆီ ပို့ထားပါတယ်။ အစိုးရဆန့်ကျင်ရေးပိုစတာချိတ်ဆွဲမှုနဲ့ ထောင်နှစ်ရှည်ချထားတဲ့ မစုစုနွေးကိုလည်း မကြာခင်ကပဲ ကလေးထောင်ကနေ မိသားစုနဲ့အလှမ်းဝေးတဲ့ ခန္တီးထောင်ဆီ ပို့လိုက်တဲ့အတွက် ထောင်ဝင်စာသွားမတွေ့နိုင်သေးလို့ ထောင်ပြောင်းလိုက်တဲ့ အပေါ်ရော၊ သူ့ရဲ့ကျန်းမာရေးအတွက်ရော စိုးရိမ်တာကြောင့် ထောင်ဝင်စာအမြန်သွားတွေ့နိုင်ဖို့ စီစဉ်နေတယ်လို့ မဒေွးဒွေးကြည်က ပြောပါ တယ်။

"ကျမလည်းသွားချင်နေပြီ။ ဟိုက မျှော်နေမှာ။ ထောင်ပြောင်းတယ်ဆိုတော့ ဘယ်လိုနေတယ်၊ ဘယ်လိုထိုင်ရတယ်ဆိုတာကို စိတ်ပူနေတာ။ ကျန်းမာရေးအခြေအနေက စိတ်ညစ်တာတွေတွေးမိရင် သွေးပေါင်တက်တာ။ ဆေးဝါးကုသတာက ပါရဂူတွေနဲ့မပြပဲ ဆေးမှူးလောက်နဲ့ပြတော့ သူကမပြချင်ဘူး။ သူ့ကို ပါရဂူတွေနဲ့မပြရင် မပြဘူးဆိုတဲ့ စိတ်ညစ်တာတွေလည်းပါတာပေ့ါ။ သွေးပေါင်က တက်လိုက်၊ ကျလိုက်ဖြစ်နေတယ်တဲ့။ ညီမလေး စိတ်ဆင်းရဲအောင် မနေနဲ့ပေ့ါ။ ကိုယ့်ဘာသာကိုယ် ကျန်းကျန်းမာမာနဲ့နေလို့ပြောတော့ သူက အမကြီးက အပြင်ကတဲ့ ကျနော်က အထဲမှာနေရတာ ကျနော်ပဲသိတယ်တဲ့။ အဲ့လိုပဲပြောတယ်။ သူက ဂျူတီကျတဲ့ အောက်ခြေက ဝန်းထမ်းတွေနဲ့အဆင်မပြေဘူး။ သွားတိုင်းပြောတယ်။ အောက်ခြေက ဝန်ထမ်းတွေနဲ့ အဆင်မပြေဘူးတဲ့။ ကျနော်က ဒီလိုဆို၊ သူတို့က ဟိုလိုတဲ့ ပြောတယ်။"

ဒီအတောအတွင်း မှောင်ရိပ်ခိုမှုအပါအဝင် တခြားရာဇဝတ်မှုတွေနဲ့ အင်းစိန်ထောင်မှာ ဖမ်းဆီးထောင်ချထားတဲ့ အကျဉ်းသားတွေထဲက မနေ့ကနဲ့ ဒီနေ့ စုစုပေါင်း အကျဉ်းသား ၂၀၀ လောက်ပြန်လွှတ်ပေးခဲ့တယ်လို့ ထောင်နဲ့နီးစပ်သူတဦးက ပြောပါတယ်။ ဒီလို အကျဉ်းသားတွေလွှတ်ပေးနေတာဟာ နအဖက ကြေညာထားတဲ့အတိုင်း အကျဉ်းသား ပြန်လွှတ်ပေးရေး အစီစဉ်အရ ဖြစ်နိုင်တယ်လို့ ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း အေအေပီပီ အတွင်းရေးမှူးကိုဘိုကြည်က ပြောပါတယ်။

"အခု ရိုးရိုးရာဇဝတ်အကျဉ်းသားတွေ လွှတ်နေတယ် လို့ကြားတယ်။ အထဲမှာ နိုင်ငံရေးအကျဉ်းသားတွေပါတယ်ဆိုတာ မကြားသေးပါဘူး။ ဒါကလည်း လုံခြုံရေးကောင်စီမှာ ကတိပေးထားတဲ့အတိုင်း လွှတ်နေပါတယ်လို့ အလွှတ်ပြတဲ့သဘောမျိုးနေမှာပါ။ ဒီထက်မပိုပါဘူး။"

# နိုင်ငံရေးအမှုတွေကို တရားရုံးမှာ မိသားစုတွေ ဝင်ရောက်ကြားနာခွင့် ပေး

**DVB ၊ ဩဂုတ် ၂၂။** ။ ဒီနေ့ ရုံးထုတ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ် ၃ ဦးရဲ့ ရုံးထုတ်အပါအဝင် နိုင်ငံရေးအမှု ရုံးထုတ်မှာ တာဝန်ကျရဲတွေက လာရောက်နားထောင်သူတွေကို တရားခွင်ဝင်ထဲ ဝင်ရောက်နားထောင်ဖို့အတင်းဖိတ်ခေါ်ခွင့်ပြုခဲ့တဲ့အတွက် အတော်လေး ထူးခြားနေတယ်လို့တရားရုံးကို ရောက်ရှိခဲ့သူ တဦးက ပြောပါတယ်။

အန်အယ်လ်ဒီလူငယ် ကိုကျော်မျိုးနိုင်၊ ကိုအောင်အောင်ဦး၊ ကိုဘိုထွန်းတို့ကို ဒီနေ့ ဩဂုတ် ၂၁ ရက်နေ့က ဗဟန်းမြို့နယ် တရားရုံးမှာ ရုံးထုတ်ခဲ့တာပါ။ အရင်တုန်းက တရားရုံးအပြင်ကစောင့်ပြီး ရပ်နေခဲ့ရင်တောင် ရဲတွေက တရားရုံးကို ပိတ်ရပ်တားမြစ်ခဲ့ပြီး ဒီနေ့ ရုံးထုတ်မှာတော့ ရဲတွေဘက်က ထူးထူးခြားခြား ပြောင်းလဲသွားပုံကို ကိုယ်တိုင်သွားရောက်ခဲ့တဲ့ အန်အယ်လ်ဒီလူငယ် တဦးက ပြောပါတယ်။

"အရင်တုန်းကဆိုရင် ကျနော်တို့က နားထောင်ချင်လို့ ရုံးပေါက်ဝကပ်ရင်တောင်မှ သူတို့က ရှေ့ကနေကာတယ်။ အမှုသည် နောက်လိုက်တဲ့ ရှေ့နေတွေကပြန်ပြောမှပဲ အကုန်ကြားရတာပေ့ါ။ အဲ့ဒီနေ့က ဗဟန်းရဲကိုယ်တိုင်က လေးလေးစားစားနဲ့ အထဲထဲမှာ တရားရုံးတော်ထဲ ဝင်ပြီးတော့ နားထောင်ချင်ရင် နားထောင်လို့ရပါတယ်၊ ဝင်ကြပါဆိုတော့ ကျနော်တို့က ထူးခြားတဲ့ဟာ ဆိုတော့ အင်တင်တင်ဖြစ်တာပေ့ါ။ နားထောင်ပါတဲ့ ဘာမှမဖြစ်ပါဘူးတဲ့ နားထောင်လို့ရပါတယ်ဆိုတော့ ကျနော်တို့ဆီကလည်း အကုန်မဝင်ပါဘူး မိသားစု ၂ ယောက်၊ ကျနော်တို့ဆီက လုပ်ဖော်ကိုင်ဖက်တယောက် ၃ ယောက် လောက်ပဲ ဝင်တယ်။ ကျနော်တို့ ၃ ဦးစလုံးဆိုတော့ ထူးခြားတယ်ဆိုပြီး ကျနော်တို့တော့ နိုင်ငံရေးမှာ တခုခုထူးခြားမယ်လို့ မြင်တာပေ့ါ။"

ကိုကျော်မျိုးနိုင်တို့ ၃ ဦးအမှုကော မနေ့က ရန်ကင်းမြို့နယ် တရားရုံးမှာ ထုတ်တဲ့ ကိုဖိုးတုတ် (ခ) ကိုခင်မောင်ချို အမှုတရားခွင်နဲ့အခြားတရားခွင် တခုကိုပါ မိသားစုတွေကို တရားခွင်ထဲ ဝင်နားထောင်ဖို့ ရဲတွေကိုယ်တိုင် တိုက်တွန်းခဲ့တာမို့တရားဝင်အထက်က ခွင့်ပြုတဲ့ မူအသစ်ဖြစ်နိုင်တယ်လို့သူကပြောပါတယ်။ ကိုကျော်မျိုးနိုင်တို့ရဲ့ နောက်ဆုံးအမှုအခြေအနေကို အဲ့ဒီ အန်အယ်လ်ဒီ လူငယ်ကပဲ ဆက်ပြောပြပါတယ်။

"ဘိုထွန်းရယ်၊ ကျော်ကြီး (ခ) ကျော်မျိုးနိုင်ရယ်၊ အောင်အောင်ဦးရယ်ကို ပထမက ဖောက်ခွဲရေးသုံးနဲ့ကပ်တယ်။ အခု ဓာတ်ပုံ လက်ဝယ်တွေ့ရှိမှုဆိုပြီးတော့ ၅၀၅ သီးသန့်နဲ့စွဲတယ်။ ကျနော်တို့ ရှေ့နေက ကိုယ့်ခေါင်းဆောင်ရဲ့ဓာတ်ပုံအဖွဲ့ဝင်တွေ လက်ထဲမှာရှိတာ မထူးဆန်းဘူးဆိုပြီး ချေပထားတယ်။ အခုက သက်သေ ၃ ယောက် ပထမစစ်တယ်။ နောက် ရဲသက်သေတယောက် စစ်တယ် ၄ ယောက်ပဲစစ်ရသေးတယ်၊ ဒီနေ့က စစ်တာမဟုတ်ဘူး ရမန်ယူတာ။"

တာမွေမြို့နယ် လူငယ်တာဝန်ခံ ၂ ကိုကျော်မျိုးနိုင်၊ ဗဟန်း လူငယ်တာဝန်ခံ ၃ ကိုအောင်အောင်ဦး၊ လုံခြုံရေးနဲ့ စည်းကမ်းထိန်းသိမ်းရေး ဗဟန်းမြို့နယ် လူငယ်အဖွဲ့က ကိုဘိုထွန်းတို့ကို ဇွန်လ ၁၃ ရက်နေ့တုန်းက တာမွေအဝိုင်းအနီးမှာအာဏာပိုင်တွေက ဖမ်းဆီးသွားခဲ့တာဖြစ်ပါတယ်၊ အဲဒီတုန်းက အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးဓာတ်ပုံဝေ လှုပ်ရှားမှုလုပ်နေချိန်မို့ သူတို့နဲ့အတူ ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံတော်တော်များများကို သိမ်းဆည်းခံခဲ့ရပါတယ်။ သူတို့ကို တရားရုံးတင်တဲ့အခါမှာ ဒီဓာတ်ပုံတွေကို လက်ဝယ်ကိုင်ဆောင်ခဲ့တဲ့အပေါ် ပုဒ်မ ၅၀၅ (ခ) နိုင်ငံတော်ကို အကြည်အညိုပျက်စေမှုနဲ့ တရားစွဲဆိုခဲ့တာလို့သိရပါတယ်။




## အမေရိကန်ပေါ်လစီအပြီးသတ်ဆုံးဖြတ်ဖွယ်

သမတအိုဘားမားအစိုးရစတင်ခဲ့ကတည်းက မြန်မာပြည်ဆိုင်ရာ အမေရိကန်ပေါ်လစီကိုပြုပြင်ပြောင်းလဲဖို့ စဉ်းစားလုပ်ကိုင်လျက်ရှိရာမှာ မကြာခင်အပြီးသတ်ဖို့ရာရှိပါတယ်။ အထက်လွှတ်တော် အရှေ့အာရှရေးရာ ဆပ်ကော်မတီ ဥက္ကဋ္ဌဂျင်မ်ဝက် လာရောက်တဲ့ကိစ္စ၊ အခုတဖန်လွှတ်တော်ရုံးဝန်ထမ်းများ မြန်မာပြည်သို့ လာရောက်ပြီး အဲန်အဲလ်ဒီနဲ့တွေ့ဆုံခဲ့ပါတယ်။ ပေါ်လစီက သိသိသာသာပြောင်းဖို့ရာမရှိဘူးလို့လည်း သိရပါတယ်။ **(MIZZIMA, 28.8.2009)**

## လာဘ်စားမှုကိုလျစ်လျူရှုထားကြခြင်း

မြန်မာစစ်အစိုးရနဲ့ပေါင်းပြီး စီးပွားရေးအခွင့်အလမ်းကောင်းကောင်းရနေတဲ့ တရုတ်နဲ့ တခြားနိုင်ငံတွေဟာ မြန်မာပြည်တွင်းက အကျင့်ပျက်လာဘ်စားမှုတွေ အကြီးအကျယ်ဖြစ်နေတာကို လျစ်လျူရှုထားကြတယ်လို့ ဆိုပါတယ်။ ဒါကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုတွေပြီးလို့ရှိရင် အကျင့်ပျက်လာဘ်စားမှုဟာ မြန်မာပြည်မှာ အဆိုးရွားဆုံးသောအရာဖြစ်တယ်လို့ ၂၀၀၉ ခုနှစ် အတွက် မက်ဆေးဆေးဆုကိုရရှိခဲ့တဲ့ ကာစောဝ့်ါကပြောဆိုလိုက်ပါတယ်၊ **(AP, 27.8.2009)**

## နိုင်ငံတကာလှည့်ကြံ့ဖွတ်

အခုတလော ကြံ့ဖွတ်တွေ ဂျပန်နဲ့တရုတ်ကို သွားကြနေကြပါတယ်။ ကျင်းပမယ်ဆိုတဲ့ရွေးကောက်ပွဲကလည်း တဖြည်းဖြည်းနဲ့နီးကပ်လာ၊ ရွေးကောက်ပွဲကိုထောက်ခံမှုရအောင်လုပ်ဖို့ကလည်းလိုတာမို့ ကြံ့ဖွတ်ဌေးဦးက ဂျပန်၊ ကြံ့ဖွတ်သန်းဌေးက တရုတ်ပြည်ကိုသွားပါတယ်။ တရုတ်ကတော့ မြန်မာပြည်နဲ့နီးနီးကပ်ကပ်ဆက်ဆံမှာပါလို့ကတိပေးလိုက်ပါတယ်။ ဂျပန်အစိုးရကတော့ ဒီကနေ့အထိ လျှော့နှစ်ဘက်နင်းထားတုန်းပါပဲ။ **(UPI, VOB, 26.8.2009)**

## အိန္ဒိယတွေ ပိုမိုရင်းနှီးမြှုပ်နှံ

အိန္ဒိယနိုင်ငံက အိုင်တီကုမ္ပဏီတွေနဲ့ ပညာရေးဆိုင်ရာကုမ္ပဏီတွေဟာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေကို တိုးတက်လုပ်ဆောင်နေတယ်လို့သိရပါတယ်။ နအဖရဲ့ပညာရေးက သုံးစားလို့မရတဲ့အတွက် ပြည်တွင်းရှိလူငယ်တွေဟာ နိုင်ငံခြားကနည်းပညာ၊ အတတ်ပညာရဖို့လိုချင်သလို၊ နိုင်ငံခြားသွားနိုင်တဲ့ သူတွေကလည်း သွားရောက်ကာ လေ့လာသင်ယူနေကြပါတယ်၊ စစ်အုပ်စုကတော့ နိုင်ငံ့ပညာရေးတိုးတက်တယ်လို့ဆိုနေတုန်းပါပဲ။ **(XINHUA, VOB, 27.8.2009)**

## ပြည်တွင်းစစ်စတင်နေပြီ

အာဏာရှင်နအဖစစ်တပ်တွေနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ ကိုးကန့်တပ်ဖွဲ့တို့ ကြားတိုက်ပွဲတွေစတင်နေပြီဖြစ်တဲ့အတွက် မြန်မာပြည်တွင်းမှာ ပြည်တွင်းစစ် အပြည့်အဝစတင်နေပြီလို့ ပြောရတော့မှာဖြစ်ပါတယ်။ စစ်ဖြစ်ပြီဆိုတာနဲ့ အရင်ဦးဆုံးကတော့ ဒုက္ခသည်တွေ အိမ်နီးချင်းနိုင်ငံတွေကို ပြေးရတာဖြစ်တာ မို့ တရုတ်ပြည် ယူနန်နယ်ထဲမှာ ၃၀၀၀၀ ရှိနေပါပြီ။ ကျန်တဲ့တိုင်းရင်းသား လက်နက်ကိုင်တွေကိုလည်း နအဖက ထိုးစစ်ဆင်ဖို့ရာရှိတာမို့ စုပေါင်းပြန် လည်တိုက်ခိုက်ရန်လိုနေပါပြီ။ **(AFP, 28.8.2009)**

## ဒေသတွင်းမတည်ငြိမ်အောင်လုပ်သူ

တရုတ်–မြန်မာနယ်စပ်အနီး နအဖတပ်တွေနဲ့ ကိုးကန့်တပ်ဖွဲ့တွေတိုက်ပွဲဖြစ်ပွားတာမို့ တရုတ်အစိုးရဟာ ဒေသတွင်းမတည်မငြိမ်ဖြစ်လာနေတာကို စိုးရိမ်လာပါတယ်။ မြန်မာစစ်အာဏာရှင်တွေကို အစဉ်တစိုက်ထောက်ခံအားပေးနေခဲ့တဲ့ တရုတ်က ကြေညာချက်ထုတ်ပြန်ပြီး ပြည်တွင်းရေးကိစ္စကို ဒေသတွင်းတည်ငြိမ်စေဖို့အတွက် ကောင်းကောင်းကိုင်တွယ်ဖြေရှင်းဖို့နဲ့ တရုတ်နိုင်ငံသားတွေရဲ့လုံခြုံရေးနဲ့ ဥပဒေဆိုင်ရာအခွင့်အရေးတွေကို အာမခံချက်ရှိစေဖို့တိုက်တွန်းလိုက်ပါတယ်။ **(AP, 28.8.2009)**

## ပြောင်းရွှေ့လုပ်သားကာကွယ်ပေးပါ

မြန်မာနိုင်ငံကနေထိုင်းနိုင်ငံထဲကို ဝင်ရောက်အလုပ်လုပ်ကိုင်နေတဲ့ ပြောင်းရွှေ့ လုပ်သားတွေရဲ့အခြေအနေတွေဟာ မနှစ်ကထက် ပိုမိုဆိုးရွားလာနေတာမို့ သူတို့ရဲ့အရေးနဲ့ပတ်သက်ပြီး ဥပဒေကြောင်းအရ အကာအကွယ်ပေးဖို့နဲ့ လူမှုဖူလုံရေးအတွက် လုံခြုံစိတ်ချရစေဖို့အတွက် ထိုင်းအခြေစိုက် ပြောင်းရွှေ့လုပ်သားကာကွယ်စောင့်ရှောက်ရေးအဖွဲ့က တိုက်တွန်းလိုက်ပါတယ်၊ အလုပ်ရှားပါး၊ ကုန်ကျစရိတ်တွေတက်လာနေတာမို့ အလုပ်သမားတွေ အခက်အခဲကြီးစွာတွေ့နေရပါတယ်။ **(VOA, 28.8.2009)**

## နအဖဆန့်ကျင်ရေးမြေအောက်အဖွဲ့များ

အခုတလော မြန်မာပြည်တွင်းမှာ နအဖဆန့်ကျင်ရေးလှုပ်ရှားမှုတွေလုပ်ဖို့ ကျောင်းသားတွေနဲ့ သံဃာတွေဟာ လျှို့ဝှက်အဖွဲ့တွေကို စတင်ဖွဲ့စည်းနေပါတယ်။ အင်တာနက်နဲ့ တခြားအဆက်အသွယ်တွေကို အသုံးပြုပြီး ဆက်သွယ်လုပ်ဆောင်နေတယ်လို့ သိရပါတယ်။ ကျောင်းသားသမဂ္ဂအဖွဲ့တွေက သံဃာတွေစတင်လှုပ်ရှားပြီဆိုရင် သူတို့လည်းလုပ်ဖို့အဆင်သင့်ပဲလို့ဆိုပါတယ်။ **(MIZZIMA, 28.8.2009)**

## ပြည်ပရောက်ဘုန်းဘုန်းများတက်တက်ကြွကြွ

နိုင်ငံတကာကိုရောက်ရှိနေတဲ့ သံဃာတော်တွေက နောက်ထပ်တကြိမ် လှုပ်ရှားမှုများပြုဖို့ တိုက်တွန်းနှိုးဆော်မှုတွေလုပ်နေတယ်လို့ သိရပါတယ်။ အဲဒါကတော့ ပတ္တနိက္ကုဇ္ဇနကံဆောင်ဖို့ပဲဖြစ်ပါတယ်။ ပြည်တွင်း ပြည်ပမှာရှိတဲ့ သံဃာတွေပါဝင်ပြီး ပြည်သူတွေကလည်း နအဖနဲ့ မဆက်ဆံရေးမူကို ကိုင်စွဲကျင့်သုံးပြီး လူမဆန်တဲ့ရက်စက်ကြမ်းကြုတ်သူတွေကို လူ့အသိုင်းအဝိုင်းက ကျဉ်ပစ်တဲ့နည်းလမ်းတမျိုးပဲဖြစ်ပါတယ်။ **(IRRAWADDY, VOB, 25.8.2009)**

# ရေကာတာတည်ဆောက်၍ ရွာ ၆၀ ကျော် အဖယ်ရှားခံရဖွယ်ရှိ

**DVB ၊ ဩဂုတ် ၂၅ ။** ။ ဧရာဝတီ မြစ်ဆုံဒေသမှာ ရေကာတာဆောက်ဖို့ အတွက် မြစ်ကြီးနားမြို့ပတ်ဝန်းကျင်က ကျေးရွာပေါင်း ၆၀ ကျော် ဖယ်ရှားပေးရမယ်လို့ သိရပါတယ်။

ဧရာဝတီ မြစ်ဆုံဒေသမှာ ရေကာတာဆောက်ဖို့ ကချင်ပြည်နယ်ရဲ့ မြို့တော် မြစ်ကြီးနားမြို့ မြောက်ဘက် ၁၇ မိုင်အကွာက ကျေးရွာပေါင်း ၆၀ ကျော် ဖယ်ပေးရတော့မယ်လို့ ဩဂုတ်လ ၅ ရက်နေ့က မြစ်ကြီးနားမြို့ အုပ်ချုပ်ရေး အာဏာပိုင်တွေက ကျိန်ခရမ်ရွာသားတွေနဲ့ ဆွေးနွေးပွဲမှာ ပြောခဲ့တာပါ။ ရွာတွေမှာ စုစုပေါင်း လူဦးရေတသောင်းကျော်ရှိပြီး ပြောင်းရွှေ့ရမယ့် အခြေအနေနဲ့ ပတ်သက်ပြီး ရွာသားတယောက်က ပြောပါတယ်။

"အခုက သူတို့ စာရင်းပြုစုနေတာ။ ရွာသားတွေကို ဒီနေရာကနေ သေချာပေါက် ဘယ်နေရာ၊ ဘယ်နေ့အပြီးပြောင်းရမယ်လို့တော့ မပြောဘူး။ လက်ရှိ မြေဂရမ်ရထားတာ ကေ ၂ ထောင်ပါတယ်။ အရာရှိတဦးရဲ့ ခြံက ၁၃ ကေ ပါတယ်။ သစ်နဲ့ ဝါးခြံလုပ်ထားတဲ့ ကေ ၃၀၀ ပါတယ်။ တခြားဘိုးဘွားစဉ်ဆက် လုပ်စားထားတဲ့ လယ်ယာမြေတို့ ခြံတို့က မြေဂရမ်မရှိတာတွေ ကေထောင်ချီတာ တွေကိုတော့ သိမ်းတယ်။"

ဖယ်ပေးရမယ့် နေရာအားလုံးဟာ မြစ်ကြီးနားအပိုင်ထဲက နေရာတွေဖြစ်ပါတယ်။ မြစ်ကြီးနားမြို့နဲ့ မြစ်ဆုံကြားက တန်ဖါ၊ ကျိန်ခရမ်၊ မုံအာဆွတ်၊ အာလန်စတဲ့ ကျေးရွာအုပ်စုတွေကို ရွှေ့ပြောင်းဖို့ နစ်နာကြေးပေးဖို့ မြေတိုင်းပြီး စာရင်းပြုစုနေပေမယ့် နစ်နာကြေးကို အေရှားဝေါလ်ကုမ္ပဏီနဲ့ နအဖ ဘယ်သူက ပေးမလဲ၊ ဘယ်လောက်ပေးမလဲဆိုတာကို မသိရသေးပါဘူး။ အေရှားဝါးလ် ကုမ္ပဏီတာဝန်ရှိသူတွေက မြေတိုင်းအရာရှိတွေ၊ ရဲတွေနဲ့အတူ ရွာတွေကိုဝင်ပြီး အသင့်ပါလာတဲ့ ဖောင်တွေကိုဝေရင်း ကိုယ်ရေးရာဇဝင်တွေ ဖြည့်ခိုင်းပါတယ်။ မြစ်ဆုံ ရေကာတာကို မြန်မာနိုင်ငံက အေရှားဝေါလ် ကုမ္ပဏီ၊ တရုတ်နိုင်ငံက ချိုင်းနားပါဝါ အင်ဗက်စ်မန့် ကော်ပိုရေးရှင်းနဲ့ ယူနန်စက်ကိရိယာ သွင်းကုန်ထုတ်ကုန် ကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်ပြီး ရလာတဲ့ ရေအားလျှပ်စစ် အများစုကို တရုတ်နိုင်ငံကို တင်ပို့မှာဖြစ်ပါတယ်။

မြစ်ဆုံဆည်တည်ဆောက်ရေးဟာ စင်္ကာပူနိုင်ငံထက် ပိုကြီးတဲ့ မြေနေရာကို ရေဖုံးလွှမ်းစေမှာ ဖြစ်ပါတယ်။ ရေချိုအရင်းအမြစ် ရေကြောင်းခရီးသွားလာနိုင်မှု၊ ရေထွက်ပစ္စည်း ကြွယ်ဝမှုတွေကြောင့် ဧရာဝတီမြစ်ဟာ ကမ္ဘာ့အကြီးဆုံးနဲ့ အရေးအကြီးဆုံးမြစ်တွေထဲက တခုဖြစ်တယ်လို့ ဟောင်ကောင်တက္ကသိုလ်ပါမောက္ခ ဒေးဗစ်ဒတ်ဂျန်က ပြောပါတယ်။ ဆည်တည်ဆောက်မှုဟာ သဘာဝပတ်ဝန်းကျင် ဂေဟာစနစ်ကို ပျက်စီးစေပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတယ်လို့ နိုင်ငံတကာမြစ်များကွန်ယက် ဦးဆောင်ညွှန်ကြားရေးမှူး ပက်ထရစ်မက်ကောလေးက စာအုပ်ထုတ်ဝေထားပါတယ်။ မြစ်ဆုံဟာ ကမ္ဘာ့ သက်ရှိဇီဝမျိုးစုံ အကြွယ်ဝဆုံး နေရာတွေထဲမှာ တခုအပါအဝင် ဖြစ်ပါတယ်။

# လူသေမှုနဲ့ ရယက အဖွဲ့ဝင်ကို တရားစွဲ

**DVB ၊ ဩဂုတ် ၂၇ ။** ။ ဧရာဝတီတိုင်း ပုသိမ်မြို့က ရယကရုံးတရုံးမှာ လူတဦး ချွေးချထိန်းသိမ်းခံရပြီးနောက် သေဆုံးခဲ့မှုမှာ အမိကတာဝန်ရှိသူတွေ အစား ရယကအဖွဲ့ဝင်တဦး မတရားစွပ်စွဲ တရားစွဲဆိုခံနေရတယ်လို့မြို့ခံတွေက ပြောပါတယ်။

ပုသိမ်မြို့အမှတ် ၁ ကွမ်းခြံရပ်ကွက် ရယကရုံးမှာ ထိန်းသိမ်းခံရပြီးနောက် သေဆုံးသွားသူက စိန်ကုန်းရပ်ကွက်မှာနေထိုင်တဲ့ ကိုအောင်ခိုင်ထွန်းဖြစ်ပါတယ်။ ဇူလိုင် ၁၉ ရက်နေ့က ကိုအောင်ခိုင်ထွန်းနဲ့ ကိုတင်ထွန်းလွင်တို့ ၂ ဦး ဝေန်မြစ်ထဲ စက်လှေပျက်ပြီး ဗေဒါဆယ်နေတဲ့ ရယက အဖွဲ့ဝင်တွေအနားမှာ စက်လှေရပ်ရာက ပြဿနာစတင်ဖြစ်ပွားတာလို့ မျက်မြင်တွေ့ရှိသူတွေက ပြောပါတယ်။

"သူတို့က ဗေဒါ ဆယ်နေတယ်။ ရန်ဖြစ်တယ်။ ကောင်လေးတွေကို ရုံးထဲကိုခေါ်သွားတယ်။ တယောက်ကို ငွေ ၃,၀၀၀ ဆိုတော့ ငွေ ၆,၀၀၀ တောင်းတော့ တယောက်က ပြန်ယူတယ်။ ချက်ချင်းပိုက်ဆံမရတော့ ပြန်မရောက်ဘူး။ နောက်နေ့မှာ ကောင်လေး ကင်းတဲမှာ သေနေတာတွေ့တယ်။ အာဏာပိုင်တွေက ရိုက်နှက်ပြီး သတ်တယ်လို့ယူဆရတယ်။ သူ့ကို ချုပ်ထားတဲ့ နရံတွေမှာ သွေးကွက်တွေ တွေ့တယ်။ သူတို့ အဲ့ဒီအလောင်းကို မြှုပ်ဖို့ကြိုးစားတယ်။ သင်္ချိုင်းကုန်းက လက်မခံလို့ ကင်းတဲလေးပေါ် တင်ထားတယ်။"

အဲဒီနောက် သေဆုံးသူကိုအောင်ခိုင်ထွန်း၊ သူ့ သူငယ်ချင်း ကိုတင်ထွန်းလွင်တို့နဲ့ ပြဿနာဖြစ်တဲ့ ရာအိမ်မှူး ကိုထွန်းထွန်းကို လူသေမှုနဲ့စွပ်စွဲ ဖမ်းဆီးခဲ့ပါတယ်၊ ဒီမတရားစွပ်စွဲခံရမှုကို ကိုထွန်းထွန်းရဲ့ မိသားစုဝင်တွေက မကျေနပ်လို့ အဆင့်ဆင့်တိုင်ကြားရာမှာ ဒီလူသေမှုမှာ အမိကတရားခံလို့ယူဆရတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအတွင်းရေးမှူးကိုအောင်ဖုန်းကျော်နဲ့ ရယက အဖွဲ့ဝင်တွေဖြစ်တဲ့ ကိုလှမြင့်၊ ကိုလှမြိုင်နဲ့ ဖိုးလပြည့်တို့ကို ထပ်မံဖမ်းဆီးခဲ့ပြီး လူသေမှုနဲ့ တရားစွဲကာ ပုသိမ်ထောင်မှာ ထိန်းသိမ်းထားပါတယ်။ ဒီလူသေမှုမှာ အမိကတရားခံလို့အများက ထင်မြင်ယူဆနေတဲ့ ကိုအောင်ဖုန်းကျော်ကို အာဏာပိုင်တွေက လာဘ်စားပြီး အာမခံနဲ့ ပြန်လွှတ်ပေးထားတဲ့အတွက် မြို့ခံတွေ မကျေမနပ် ဖြစ်နေကြတယ်လို့ သစ်ညိုကုန်းရပ်ကွက် ဒေသခံတဦး က ပြောပါတယ်။

"ထွန်းထွန်းဟာ ဘာမှမရိုက်ရဘဲနဲ့ အကွက်ဆင်တာ။ အခင်းဖြစ်ပြီး တပတ်လောက်ကြာတော့ သတင်းထောက်တွေ လာတယ်။ ထွန်းထွန်းကို ခေါ်လာပြီးတော့ ဓာတ်ပုံတွေအတင်းရိုက်ပြီး ရဲက နီးရာတုတ်ကိုယူခိုင်း၊ ဒီလိုရိုက်တာဆိုပြီး ဓာတ်ပုံရိုက်သွားတယ်၊ ဂျာနယ်တွေထဲမှာ ထည့်တယ်။ ဒါ မတရားဘူး။ သေတဲ့သူကို တချက်မှမရိုက်ရဘူး။ ကျန်ခဲ့တဲ့လူကို ပါးရိုက်လိုက်တာပဲ ကျနော်တို့မြင်တယ်။ သေတဲ့သူက ရုံးကျမှ ထုရင်း ရိုက်ရင်းဖြစ်တဲ့အမှု၊ ဒီအမှုက မတရားဘူး။"ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ ကွမ်းခြံကုန်းရပ်ကွက် ရယကရုံးနဲ့ မြို့နယ်ရဲ စခန်းကို ဆက်သွယ်လို့ မရခဲ့ပါဘူး။

# ၇ ထပ်ပေါ်က ပြုတ်ကျ လူနှစ်ဦးသေဆုံး

**DVB ၊ ဩဂုတ် ၂၇ ။** ။ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှာ ၇ ထပ်တိုက်ပေါ်ကပြုတ်ကျပြီး လူနှစ်ဦးသေဆုံးသွားပါတယ်။ သေဆုံးသူနှစ်ဦးဟာ ဇနီးမောင်နှံဖြစ်ပြီး ဒီနေ့မနက် ၁၀ နာရီခန့်က ကျွန်းတောတောင်ရပ်ကွက် ရွှေလဝန်းလမ်း၊ ၇ ထပ်ပေါ်က ပြုတ်ကျပြီး ပွဲချင်းပြီး သေဆုံးသွားတာပါ။

သေဆုံးသူအမျိုးသမီးက ဒေါ်မိမိခိုင်ဖြစ်ပြီး ခင်ပွန်းသည် အမည်ကိုတော့ မသိရသေးပါဘူး။ စမ်းချောင်းမြို့နယ်ရဲစခန်းကို ဆက်သွယ်မေးမြန်းရာ သေဆုံးသူနှစ်ဦးစလုံး ၄၅ နှစ်ခန့်ရှိပြီး ဒေါ်မိမိခိုင်ဟာ ကျောင်းဆရာမဖြစ်ကြောင်း အတည်ပြုပြောဆိုပြီး ခင်ပွန်းသည်အမည်ကို စုံစမ်းဆဲလို့ စခန်းတာဝန်ကျရဲအရာရှိက ပြောပါတယ်။

"လင်မယားချင်း စကားများပြီး တယောက်နဲ့တယောက် လုံးထွေးပြီး ပြုတ်ကျတာပါ။ အမျိုးသမီးက ကျောင်းဆရာမဖြစ်ပြီး အမျိုးသားက အလုပ်အကိုင်မရှိပါဘူး။"

သေဆုံးရတဲ့ အသေးစိတ်အချက်အလက်ကို မသိရသေးဘူးလို့ အဲဒီတာဝန်ကျရဲအရာရှိက ပြောပါတယ်။ လင်မယားချင်းစကားများရာက တိုက်ပေါ်က ခုန်ချတဲ့ဇနီးကို ခင်ပွန်းက လိုက်ဆွဲရင်း နှစ်ယောက်စလုံး ပြုတ်ကျတာလို့ ရပ်ကွက်ထဲမှာ သတင်းတွေထွက်နေကြောင်း ဒေသခံတဦးက ပြောပါတယ်။

"အမျိုးသမီးက ၇ လွှာကနေ ခုန်ချသေဖို့လုပ်တာ အမျိုးသားက လိုက်ဆွဲရင်းနဲ့ သူ့အမျိုးသားပါ ကျသွားတယ်။ ရုပ်ပျက်ဆင်းပျက်နဲ့ နှစ်ယောက်စလုံး ပွဲချင်းပြီးသေသွားတယ်။" ပြုတ်ကျသေဆုံးပြီး မကြာမီမှာပဲ အလောင်းတွေကို ရန်ကုန်ဆေးရုံကြီးကို ပို့ဆောင်ပြီး စစ်ဆေးနေပါတယ်။

# သာယာဝတီ အခြေစိုက် ခလရ ၃၅ တပ်လမ်းကို မည်သူမျှ ဖြတ်သန်းခွင့် မပြု

**DVB ၊ ဩဂုတ် ၂၅ ။** ။ ပဲခူးတိုင်းအနောက်ခြမ်းရှိ သာယာဝတီဝတီ အခြေစိုက် ခြေလျင်တပ်ရင်း ခလရ ၃၅ တပ်စခန်းနားကို ဖြတ်သန်းခွင့်မပေးတော့တာကြောင့် ဒေသခံပြည်သူတွေ သွားရေးလာရေးအခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။

သာယာဝတီ အခြေစိုက် ခလရ ၃၅ တပ်ရင်းရဲ့ တပ်လမ်း အရှေ့ဂိတ်မှ နောက်ဂိတ်အထိ ပြီးခဲ့တဲ့ ၂၂ ရက်နေ့ ကစပြီး ပိတ်ထားလိုက်တဲ့တွက် အဲဒီမှာ ဖြတ်သွားဖြတ်လာတဲ့ ကျေးရွာ ၁၀ ရွာလောက်က ဒေသခံတွေ ဒုက္ခရောက်ကြရပါတယ်။ အထူးသဖြင့် မြို့မှာ ကျောင်းတက်၊ ဈေးရောင်းကြတဲ့ ကျောင်းသူ၊ ကျောင်းသားတွေ၊ ဆရာ၊ ဆရာမတွေနဲ့ ဈေးသည်တွေ ပိုပြီး အခက်တွေ့ရတယ်လို့ ဒေသခံတွေက ပြောပြပါတယ်။ သာယာဝတီမြို့ အရှေ့ဘက်မှာရှိတဲ့ ဖားရွှေကျော်ရွာ၊ ရေတိုက်ရွာ၊ အင်းကောက်ရွာ၊ ရွှေညောင်ပင်ရွာ၊ တောင်စုရွာ၊ သာယာအေးရွာ စတဲ့ရွာတွေကို သွားဖို့ သာယာဝတီအခြေစိုက် ခလရ ၃၅ ကို ဖြတ်ပြီးမှ သွားရသလို အဲဒီရွာတွေကနေ သာယာဝတီ၊ သုံးဆယ်၊ လက်ပံတန်းစတဲ့ မြို့တွေကိုသွားမယ်ဆိုရင်လည်း ခလရ ၃၅ ကိုဖြတ်ပြီးသွားရတာပါ။ တပ်လမ်းကို ပိတ်လိုက်တဲ့အတွက် ဝေးပြီး ရွှံ့ဗွက်တွေ ထူထပ်တဲ့လမ်းဘက်က ပတ်သွားရတယ်လို့ ဖားရွှေကျော် ရွာသားတဦးက ပြောပါတယ်။

“တပ်မြောက်ဘက်က ၁ မိုင်ခန့်ရှည်တဲ့ ချိုင့်တွေထူပေါပြီး ဗွက်တွေထနေတဲ့ တောဘက်ကိုဆင်းပြီး ပတ်လမ်းကနေ သွားရတဲ့အတွက် မြို့ပေါ်ကို ကျောင်းတက်တဲ့ ရွာက ကျောင်းသူ၊ ကျောင်းသားတွေ၊ စာသင်သွားတဲ့ ဆရာ၊ ဆရာမတွေနဲ့ သာယာဝတီ၊ လက်ပန်းတန်း၊ သုံးဆယ်အစရှိတဲ့ ဈေးတွေကိုသွားရတဲ့ ဈေးသွား၊ ဈေးပြန်တွေ များစွာ အခက်အခဲတွေ့နေရပါတယ်။ တပ်လမ်းက သွားမယ်ဆိုရင် လမ်းကောင်းပြီး ဟိုဘက်ထိပ် ဒီဘက်ထိပ် ၃ ဖာလုံခန့်ပဲ သွားရပါတယ်။”

အရင်တုန်းက အဲဒီလမ်းကို ညနေ ၆ နာရီကနေ မနက် ၆ နာရီအထိပဲ ပိတ်ထားပြီး နေ့ခင်းပိုင်းဆိုရင် လမ်းဖွင့်ပေးထားပါတယ်။ အဲဒီလမ်းကို ဖြတ်သွားဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ ဖြတ်သန်းခပေးဆောင်ရပေမယ့် လမ်းကောင်းပြီးနီးတဲ့အတွက် ဒေသခံတွေက ဖြတ်သွား၊ ဖြတ်လာ ပြုကြတာလို့ အဲ့ဒီရွာသားက ပြောပါတယ်။

“ကုန်ပစ္စည်းနဲ့ ခရီးသည်တင် ထော်လာဂျီတွေ တပ်လမ်းကို ဖြတ်ရင် တခေါက်ကို ကျပ်ငွေ ၅၀၀၊ ဆိုင်ကယ်တစီးကို ၂၀၀ ကျပ်ပေးရပြီး ထာဝစဉ်ဖြတ်သန်းမှုအတွက် လစဉ်ကြေးအဖြစ် ထော်လာဂျီ တစီးကို တလ ၃၀၀၀ ကျပ်၊ ဆိုင်ကယ်တစီးကို တလ ၁၅၀၀ ကျပ် ပေးဆောင်ရပါတယ်။ ယခုဆိုရင် မည်သည့်ယာဉ်မျှ၊ မည်သည့်လူမျှ ဖြတ်သန်းခွင့်မပြုတော့ပါဘူး။ တပ်လမ်းကို ပိတ်ဖို့အတွက် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ထင်ကျော်က အမိန့်ပေးတာဖြစ်ပြီး ခွေးတောင်ဖြတ်သန်းခွင့် မပြုဘူး။”

ဘာကြောင့် ဖြတ်သန်းခွင့်မပေးတာနဲ့ ပတ်သက်လို့ အလှူခံအဖွဲ့က တပ်တွင်းအထိ အလှူခံလို့ဆိုတဲ့ အကြောင်းပြချက်ပဲ ပေးတယ်လို့ ဒေသခံတွေက ပြောပါတယ်။ အရင် တပ်ရင်းမှူးတွေက ဒေသခံတွေကို ဖြတ်သန်းသွားလာခွင့် ပြုခဲ့ပြီး ယခု တပ်ရင်းမှူးကျမှ ဖြတ်သန်းခွင့်မပေးတော့လို့ ဒေသခံတွေ မကျေမနပ်ဖြစ်နေကြပါတယ်။

# ဒေါ်စု ထောင်ချမှုမိတ္တီလာအဖွဲ့ချုပ်ရှုတ်ချ

**DVB ၊ ဩဂုတ် ၂၅ ။** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ဒဏ်ချမှတ်တဲ့ နအဖလုပ်ရပ်အပေါ် မန္တလေးတိုင်း မိတ္ထီလာမြို့နယ်အဖွဲ့ချုပ်က ကန့်ကွက် ရှုတ်ချလိုက်ပါတယ်။

ဒီနေ့ မိတ္ထီလာအဖွဲ့ချုပ်အစည်းအဝေးက ဆုံးဖြတ်ခဲ့တာနဲ့ ပတ်သက်ပြီး မြို့နယ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

“ပြစ်မှု တစုံတရာ ကျူးလွန်ခြင်း လုံးဝမရှိသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်အကျဉ်းထောင်အတွင်းရှိ အထူးတရားရုံးကနေ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းကို ကျမတို့ ကန့်ကွက်ရှုတ်ချကြောင်း ဆုံးဖြတ်ခဲ့တယ်။ နောက်တချက်က ပြင်ပမှဝင်ရောက်လာပြီး ပြစ်မှုကျူးလွန်ခဲ့တဲ့ မစ္စတာယက်ထောကို ပြစ်ဒဏ်က ကွင်းလုံးကျွတ်လွှတ်ပေးခဲ့တယ်။ ခိုးဝင်မှုကို ခံခဲ့ရတဲ့ ပြစ်မှုကျူးလွန်ခြင်းမရှိတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်မှာ ပြန်လည်အကျဉ်းချထားခြင်းဟာ အင်မတန်ကို အရုပ်ဆိုးအကျဉ်းတန်စေတဲ့ ကိစ္စမြင်သာ၊ ထင်သာတဲ့ကိစ္စဖြစ်နေတယ်။ ဒီအရုပ်ဆိုးအကျဉ်းတန်မှုကို အဖတ်ဆယ်ဖို့ အပြစ်မရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးဖို့ ကျမတို့တောင်းဆိုထားတယ်။”

နေအိမ်ကို ခိုးဝင်သူကို ပြန်လွှတ်ပေးတဲ့ အစိုးရအနေနဲ့ အဲ့ဒီ စိတ်ထားအတိုင်း အိမ်ရှင်ကိုလည်း ပြန်လွှတ်ပေးဖို့တောင်းဆိုတာပါ။ ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး အပြုရောင်လှုပ်ရှားမှုလုပ်ဆောင်သူတွေကို အာဏာပိုင်တွေရဲ့လက်ပါးစေတွေက အကြမ်းဖက်ခဲ့တဲ့အပေါ် ကန့်ကွက်ရှုတ်ချတဲ့ ဆုံးဖြတ်ချက်ချခဲ့သလို နိုင်ငံရေး အကျဉ်းသားတွေကို ဦးစားပေး လွှတ်ပေးဖို့ တောင်းဆိုထားပါတယ်။

# ပြည်မြို့ အဖွဲ့ချုပ်ဝင်တချို့ ဖမ်းဆီးခံရ

**DVB ၊ ဩဂုတ် ၂၄ ။** ။ ပြည်မြို့မှာ ဒီရက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တချို့နဲ့ အရပ်သားတချို့ကို အာဏာပိုင်တွေက ဖမ်းဆီးမှုတွေပြုလုပ်နေပါတယ်။

ဒီလ ၂၀ ရက်ညနဲ့ ၂၁ ရက် မနက်အစောပိုင်းက ပြည်မြို့ရှိ လူငယ် ၃ ဦးနဲ့ ဥသျှစ်ပင်မြို့က အဖွဲ့ချုပ်ဝင် ၇ ဦးလောက်ကို အာဏာပိုင်တွေက ဖမ်းဆီးသွားတာလို့ မြို့ခံတဦးက ပြောပါတယ်။ အဲဒီလူငယ် ၃ ဦးက အိမ်တွေမှာ လိုက်လံဆေးသုတ်နေတဲ့ ဖြူဖွေး၊ ပြည်–ရန်ကုန် အဝေးပြေးကားလမ်းဘေးမှာ ဗွီစီဒီဆိုင်ဖွင့်ထားတဲ့ ကိုဇာနည်နဲ့ ရိုးမဘဏ်ဝန်ထမ်း ကိုအောင်နိုင်မြင့်တို့ ဖြစ်ပါတယ်။ ဘာကြောင့် ဖမ်းဆီးသွားတယ်ဆိုတာ အတိအကျမသိရပေမယ့် အကြောင်း ၃ မျိုးကြောင့်ဖြစ်နိုင်တယ်လို့ မြို့ခံတဦးက ပြောပါတယ်။ သသ

“ကြားတာ ၃ မျိုးကြားတယ်၊ တမျိုးက နယ်စပ်က တရားမဝင်အဖွဲ့အစည်းတွေကနေ ခိုးဝင်လာတဲ့ကိစ္စ။ နောက်တမျိုးက အင်တာနက်ကနေ တဆင့်ပြင်ပအဖွဲ့အစည်းတွေကို ဆက်သွယ်ဖို့ ကြိုးစားတဲ့ကိစ္စ။ နောက်တမျိုးက ဂျနရေးရှင်းဝေ့ဖ်ရဲ့စာရွက်စာတမ်းတွေကို ဖြန့်ဝေတဲ့ကိစ္စ။ ဗွီစီဒီဆိုင်မှာ ဖြစ်တာက လူမြင်သူမြင်အချိန်မှာဖြစ်တာ။ ဆိုင်ထဲဝင်ပြီး ရှာဖွေဖမ်းဆီးတော့ ကွန်ပျူတာတွေပါ သိမ်းတာတွေရှိတယ်။ ဥသျှစ်ပင်က လူတွေတော့မသိဘူး၊ ဒီရွာက အဲ့ဒီ ၃ ယောက်က ဘယ်အဖွဲ့ဝင်မှ မဟုတ်ဘူး၊ သာမန်ပြည်သူထဲကပဲ။”

ပြည်မြို့အနောက်ဘက်ရှိ ဥသျှစ်ပင်မြို့မှ အဖွဲ့ချုပ်ဝင် ၇ ဦး ဖမ်းဆီးမှုမှာ ဒီလူငယ်တွေနဲ့ ဆက်စပ်မှုရှိနိုင်တယ်လို့ တချို့က ပြောပါတယ်။ ဖမ်းဆီးသွားတဲ့ လူငယ် ၃ ဦးထဲက ဘဏ်ဝန်ထမ်း ကိုအောင်နိုင်မြင့်ကို ပြန်လွှတ်ပေးပြီးမှ ဒီနေ့ ပြန်ခေါ်သွားတယ်လို့ အဲဒီမြို့ခံက ပြောပါတယ်။

“အောင်နိုင်မြင့်ကို ၂၂ ရက်နေ့ညနေက ခဏပြန်လွှတ်လိုက်တယ်။ ဒီနေ့မနက် ပြန်လာခေါ်သွားတယ်။ ဖြစ်နိုင်တာက ရွေးကောက်ပွဲဝင်ကာနီးတော့ မြို့ထဲမှာ ငြိမ်ငြိမ်သက်သက်ဖြစ်အောင် တတ်နိုင်သမျှ ရှင်းလင်းတဲ့သဘောပဲ။ သာမန်အားဖြင့် လူထုအများစုက စိတ်ထဲမှာ မကျေမလည်ကြဘူးပေါ့။”

၂၂ ရက်နေ့ကပဲ အောင်လံမြို့နယ်မှာလည်း အာဏာပိုင်တွေက အဖွဲ့ချုပ်ဝင် ကိုရန်နောင်ထွန်းကို ဖမ်းဆီးခဲ့ပြီး ပြန်လွှတ်ပေးလိုက်ပါတယ်။ နာမည်တူတဲ့ ကုလားဆိုသူကို ရှာဖွေဖမ်းဆီးရင်း ကုလားလေး (ခေါ်) ကိုရန်နောင်ထွန်းကို ဖမ်းဆီးလိုက်တာလို့ အောင်လံမြို့ခံတဦးက ပြောပါတယ်။

# ဒေါ်စု ဥပဒေအရလွတ်နေရမှာဖြစ်ပေမယ့် ပိုမိုတင်းကျပ်တဲ့ နေအိမ်ချုပ် ကျခံနေရ

**VOA ၊ ဩဂုတ် ၂၇ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ဥပဒေအရ အချုပ်အနှောင်ကင်းကင်းနဲ့ လွတ်မြောက်နေရမှာဖြစ်ပေမယ့် ပိုမိုတင်းကျပ်တဲ့ နေအိမ်ချုပ် ကျခံနေရတာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံသားတယောက်ကြောင့် တရားစွဲခံရပြီး နေအိမ်အကျယ်ချုပ်ထပ်မံကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ တကယ်တော့ ဥပဒေအရ လွတ်မြောက်နေသင့်သူဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေတယောက်ဖြစ်တဲ့ ဦးဉာဏ်ဝင်းကပြောပါတယ်။

“အခုတရားရုံးက ပြစ်ဒဏ် ၃ နှစ်ချလိုက်တယ်။ တနှစ်ခွဲကို နအဖ ပယ်ဖျက်လိုက်တယ်။ တနှစ်ခွဲကျန်တယ်။ အဲဒီတနှစ်ခွဲကို ဆိုင်းငံ့လိုက်တယ်။ ဆိုင်းငံ့တယ်ဆိုတာ ရပ်ဆိုင်းထားတာပေ့ါ။ အဲဒါဆိုရင် ဒေါ်အောင်ဆန်းစုကြည်က လွတ်မြောက်နေရမယ်။ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်က မလွတ်မြောက်ဘူး။ နအဖ ရဲ့စာအရ ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်အကျယ်ချုပ်ပြန်ပြီးတော့ နေနေရတယ်။”

ဥပဒေအရ အချုပ်နှောင်ကင်းကင်းနဲ့ နေရမှာဖြစ်ပေမယ့် နေအိမ်အကျယ်ချုပ်နဲ့ ဆက်ပြီးချုပ်နှောင်ခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် လက်ရှိကန့်သတ်ထားချက်တွေဟာ အရင်ကထက် တင်းကျပ်နေတယ်လို့လည်း ရှေ့နေကြီးဦးဉာဏ်ဝင်းကပြောပါတယ်။

“အရင်ကထက် လုံခြုံရေးပိုတင်းကျပ်တယ်။ မိမိစိတ်ကြိုက် မိမိရွေးချယ်တဲ့ဆရာဝန်နဲ့စစ်ဆေးခွင့်မရဘူး။ တခြားဘယ်ကိုမှ ဘာအဆက်အသွယ်မှ လုပ်လို့မရဘူး။ ဘယ်ဧည့်သည်မှလည်းတွေ့ခွင့်မရဘူး။ ကျနော်တို့ ပိုမိုတင်းကျပ်တယ်လို့မြင်ပါတယ်။”

လောလောဆယ် ဆိုင်းငံ့ပြစ်ဒဏ်တနှစ်ခွဲကို နေအိမ်အကျယ်ချုပ်ဘဝနဲ့ နေနေရတာကိုလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကျိုးဆောင်ရှေ့နေတွေက အယူခံဝင်ဘို့ပြင်ဆင်နေကြပါတယ်။ ဒီကိစ္စအတွက် ရှေ့နေလေးယောက်စလုံးနဲ့ ဒေါ်အောင်ဆန်းစုကြည်ဒီနေ့ ကြာသပတေးနေ့မှာ တွေ့ဆုံခွင့်ရဘို့ကိုလည်း သက်ဆိုင်ရာဆီက ခွင့်ပြုချက်ရထားပါတယ်။

“အဓိက အယူခံကိစ္စပါဘဲ။ ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ခရိုင်တရားရုံးက အပြစ်တွေ့ရှိထားတာကို အယူခံမယ်။ အယူခံနဲ့ပတ်သက်ပြီး ဥပဒေရောအကြောင်းအချင်းအရာကိုရော ရေးထားပါပြီ။ ဒေါ်အောင်ဆန်းစုကြည်နေနဲ့ အတည်ပြုမယ်၊ လိုအပ်ရင်ထပ်ဖြည့်မယ်။ မလိုတာတွေဖျက်မယ်။ အဲဒီသဘောပါဘဲ။”

ဒီအမှုအတွက် အယူခံဝင်နိုင်ခွင့်ဟာ တကြိမ်ဘဲရှိတာကို ဦးဉာဏ်ဝင်းကရှင်းပြပါတယ်။

“ဗမာပြည်မှာ လက်ရှိကျင့်သုံးနေတဲ့ဥပဒေအရ ဒီအယူခံဟာ တကြိမ်ဘဲရှိတယ်။ ဒီအယူခံမှာ မအောင်မြင်ရင် တရားရုံးချုပ်မှာ ပြင်ဆင်မှုလို့၊ အယူခံလို့မခေါ်တော့ဘူး။ ပြင်ဆင်မှုလို့ခေါ်တဲ့ အဲဒါကို တကြိမ်သွားလို့ရပါတယ်။ နောက်ဆုံးမှာ မအောင်မြင်ခဲ့ရင် နောက်ထပ် အထူးအယူခံဆိုပြီး တကြိမ်သွားလို့ရပါတယ်။”

အမေရိကန်တယောက် ခွင့်ပြုချက်မရဘဲ နေအိမ်ခြံဝင်းအတွင်း ခိုးဝင်လာတာကြောင့် ဒေါ်အောင်ဆန်းစုကြည် တရားစွဲခံရပြီး ဩဂုတ်လ ၁၁ ရက်နေ့တုန်းက ရန်ကုန်မြောက်ပိုင်း အထူးတရားရုံးကနေ အပြစ်ရှိတယ်လို့ဆုံးဖြတ်ကာ ထောင်ဒဏ် ၃ နှစ်ချခဲ့ပါတယ်။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာ့လွတ်လပ်ရေးဖခင်ကြီးရဲ့ သမီးဖြစ်တဲ့အတွက် စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆိုင်းငံ့ထောင်ဒဏ် လျှော့ချပေးထားတာ ဖြစ်ပါတယ်၊

# ညီညွန်ရန် သံဃာတပ်ပေါင်းစု နှိုးဆော်

**DVB ၊ ဩဂုတ် ၂၃ ။** ။ သံဃာ့တပ်ပေါင်းစုအဖွဲ့က သံဃာထုတရပ်လုံးစည်းလုံး ညီညွတ်ဖို့နဲ့ သံဃာသပိတ်မှောက်လှုပ်ရှားမှုတွေမှာ သံဃာအားလုံး ပါဝင်ကြဖို့ တိုက်တွန်း လိုက်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့က ကြေညာချက်ထုတ်ပြီး တိုက်တွန်းလိုက်တာ ဖြစ်ပါတယ်။ မြတ်စွာဘုရား သာသနာတော်အဓွန့်ရှည်တည်တံ့ရေးအတွက် အလွန်အရေးကြီးလို့ သပိတ်မှောက်လှုပ်ရှားမှုတွေကို လုပ်ဆောင်ရတာဖြစ်တယ်လို့လည်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။ တိုက်တွန်းချက်ကိုမလိုက်နာဘဲ နအဖစစ်အုပ်စုနဲ့ ပေါင်းသင်းဆက်ဆံတဲ့ သံဃာတွေကိုလည်း သံဃာထုက ဖယ်ကျင်မယ်လို့ သံဃာ့တပ်ပေါင်းစုရဲ့ နိုင်ငံခြားရေးတာဝန်ခံ အရှင် အိန္ဒြိယက မိန့်ကြားပါတယ်။

“သံဃာ့ရဲတိုက်တွန်းချက်ကို မလိုက်နာပဲနဲ့ နအဖစစ်အုပ်စုနဲ့ သွားပေါင်းတဲ့ ဆရာတော်တွေ သံဃာတော်တွေကို ဒီဘွဲ့အမည်တွေ၊ သူတို့ရဲ့ကျောင်းတိုက်အမည်တွေ၊ နေရပ်အမည်တွေ၊ မိဘအမည်တွေ အကုန်လုံးထုတ်ပြီး ကျကျနနသံဃာအစစ်ကနေပြီး ပကာသနီယကံ ပြုပြီးတော့ ကျဉ်ဖယ်ထားတာတွေ ဆိုပြီးစာရွက်တွေ တနိုင်ငံလုံးဝေမယ်။ ဝက်ဒ်ဆိုဒ်တွေ အင်တာနက်တွေ သတင်းဌာနတွေပို့မယ် အဲ့ဒီလိုမျိုးလုပ်မယ်။”

ပကာသနီယကံရဲ့ အနက်အဓိပ္ပာယ်ကို အရှင်အိန္ဒြိယက ဆက်လက်မိန့်ကြားပါတယ်။

“ပကာသနီယ ဆိုတာက သံဃာတွေကနေ ကျဉ်ဖယ်ထားတာပါ။ ကျဉ်ဖယ်တယ်ဆိုတာ သူက အစိုးရနဲ့သွားပြီးတော့ ပေါင်းသင်းနေသမျှပေ့ါ၊ ဝတ်နည်းကံကို မလိုက်နာသမျှ သံဃာတွေက သူ့ကို အပေါင်းအသင်းမလုပ်ရဘူး၊ သူကနေသူ့ရဲ့ အကျင့်ကို စွန့်ပြီးတော့ တပည့်တော်များကြောင်း ဝန်ခံပါတယ်လို့ ဒီလိုမျိုးသူ့အကျင့်ကို စွန့်လာမှပဲ သံဃာက သူ့ကိုပြန်လက်ခံရပါမယ်။ အဲဒါ ပကာသနီယကံပေ့ါ။”

# လယ်သမားတွေဆန်ပြုတ် ပြုတ်သောက်နေရပြီ

**RFA ၊ ဩဂုတ် ၂၇ ။** ။ ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ်အတွင်းက ဒိုင်နယ်ကျေးရွာ ၇ ရွာအတွင်းမှာနေထိုင်ကြတဲ့ လယ်သမားတွေခမျာ မိုးလယ်ကာလအရောက်မှာ ချို့တဲ့ဆင်းရဲပြီး ဝမ်းရေးအတွက် တော်တော်ဒုက္ခတွေ့နေကြတယ်လို့ သိရပါတယ်။

ကျေးရွာကလက်လုပ်လက်စား လယ်သမားအများစုတွေဖြစ်ပြီး မိုးစပါးစိုက်ပျိုးပြီးချိန် အလုပ်အကိုင်ကရှားပါး၊ ဝင်ငွေကမရှိဖြစ်ရတာကြောင့် မစားနိုင်မသောက်နိုင်ဖြစ်နေကြတဲ့ အခြေအနေကို ဘိုကလေးဒေသခံက RFA ကိုအခုလိုပြောပါတယ်။

“ဆန်ပြုတ် ပြုတ်သောက်နေရတယ် ဟောမန့်ဒိုင်နယ်၊ ထုံးရွာတို့ဘာတို့မှာဆို ဒါမျိုးဖြစ်နေပြီ၊ နောက် မဂုဒိုင်နယ်ထဲမှာလည်းဖြစ်နေပြီ၊ စက်စမ်းဒိုင်နယ်အောက်ဘက်ကျေးရွာတွေ နောက်ပြီးတော့ မြသိန်းတန်ဒိုင်မယ်၊ ပတ္တမြားကုန်းဒိုင်နယ်၊ အဲဒီဘက်တွေမှာ နောက် နာဂစ်အထူးဒေသ ကြိမ်ချောင်းကြီးတို့ ကျွန်းသာယာတို့မှာဖြစ်နေတာ။ ရိက္ခာပြတ်လတ်တာပေ့ါ၊ သူတို့အဓိက ကတော့ မိုးလည်ကာလမှာ အ လုပ်အကိုင်ရှားပါးလာတယ်၊ ဝင်ငွေလျော့နည်းလာတယ်၊ သူတို့စားရေရိက္ခာအင် မတန်လျော့နည်းလာတာကိုတွေ့ရတယ်။ အဲဒီကနေစပြီး အတိဒုက္ခရောက်လာတယ်။”

ခုလိုအခက်အခဲတွေကြုံနေရတာဟာ နာဂစ်မုန်တိုင်းဒဏ်သင့်ခဲ့တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေဖြစ်ပြီး အခုလက်ရှိ လက်ခစား လယ်သမားအများစုသာမက လယ်ပိုင်ရှင်တွေပါ အဆင်မပြေမှုတွေ ကြုံနေရတာလို့ ဒေသခံလယ်သမားက အခုလိုပြောပါတယ်။

“တောဘက်တွေမှာဘဲ နာဂစ်ဖြစ်တဲ့နေရာတွေမှာဘဲဗျ။ လက်ရှိအခြေအနေက စီးပွားရေး၊ စပါးဈေးဆိုတာလည်းမကောင်းဘူး။ ဘာမှလည်းအထောက်အပံ့မရှိဘူး။ အရောင်းအဝယ်အကုန်လုံး ‘အ’ တာ။ အကုန်မကောင်းဘူး။ နဂိုတုန်းက လက်ခစားလယ်တွေလုပ်ကြတာပေ့ါ။ ခုဟာက လယ်ပိုင်ရှင်ပါပျက်၊ အကုန်ပျက်ပျက်စီးတဲ့အခါကျ အလုပ်မရှိတော့ဘူး။ တောတင်မဟုတ်ဘူး မြို့ပေါ်မှာ လည်းစီး ပွားရေးမကောင်းတဲ့အခါကျတော့ ပိုဆိုးကုန်ပြီ။”

အဲဒီဒေသတပိုက်မှာနေထိုင်ကြတဲ့ လက်ခစားလယ်သမားတွေ အားလုံးဟာ မိုးစပါးမပေါ်သေးခင်ကာလတလျှောက်လုံး စားစရာမလုံလောက်တဲ့ပြဿနာကို ရင်ဆိုင်ကြရအုန်းမှာဖြစ်တယ်လို့ ဒေသခံတွေက RFA ကိုပြောပြပါတယ်။

# ‌လောင်စာဆီဈေးနှုန်း ကျဆင်းရေး လမ်းလျှောက်ဆန္ဒပြသူ ၃ ဦး ပြန်လွတ်

**DVB ။ ဩဂုတ် ၂၄ ။** ။ လောင်စာဆီဈေးနှုန်း ကျဆင်းရေး လမ်းလျှောက်ဆန္ဒဖော်ထုတ်မှုနဲ့ စစ်အုပ်စုက ထောင်ချထားတဲ့ တောင်ဒဂုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ၃ ဦး ပြန်လွတ်လာတယ်လို့ သတင်းရရှိပါတယ်။

လွတ်ရက်စေ့လို့ ပြန်လွတ်လာတဲ့ တောင်ဒဂုံ အဖွဲ့ချုပ်ဝင် ၃ ဦးကတော့ ဦးစိုးကြွယ် အသက် ၅၈ နှစ်၊ ဒေါ်ခင်အေး အသက် ၆၅ နှစ်နဲ့ ဒေါ်မြင့်မြင့်သိန်း အသက် ၄၅ နှစ်တို့ဖြစ်ပါတယ်။ ဦးစိုးကြွယ်က မြစ်ကြီးနားထောင်ကနေ ပြန်လွတ်လာတာဖြစ်ပြီး၊ ဒေါ်ခင်အေးက သရက်ထောင်၊ ဒေါ်မြင့်မြင့်သိန်း က မြင်းခြံထောင်ကဖြစ်ပါတယ်။ သူတို့ ၃ ဦးကို လောင်စာဆီဈေးနှုန်း ကျဆင်းရေးလမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့လို့ ၂၀၀၇ ခုနှစ် ဩဂုတ် ၂၃ ရက်နေ့မှာ အာဏာပိုင်တွေက ရိုက်နှက် ဖမ်းဆီးခဲ့ပါတယ်၊ အဲဒီနောက် ပြည်သူလူထုကို အထိတ်တလန့်ဖြစ်စေမှု၊ နိုင်ငံတော်အကြည်ညိုပျက်အောင် လုပ်ဆောင်မှုနဲ့ အာဏာပိုင်တွေက အောက်တိုဘာလ ၆ ရက်နေ့မှာ ထောင်ဒဏ် ၂ နှစ်ခွဲ ချမှတ်ခဲ့ပါတယ်။ အယူခံ ၆ လ လျှော့သွားလို့ အခုအခါမှာ ထောင်ဒဏ် ၂ နှစ်နဲ့ လွတ်ရက်စေ့လို့ ပြန်လွတ်လာတာလို့ သူတို့ ၃ ဦးထဲက သရက်ထောင်ကနေ ၂၁ ရက်နေ့က ပြန်လွတ်လာတဲ့ ဒေါ်ခင်အေးက သူပြန်လွတ်လာတာ နဲ့ ပတ်သက်လို့ ပြောပါတယ်။

"ထောင်ထဲက လွတ်လာတော့လည်း ကိုယ်တယောက်တည်း လွတ်လာတာ။ မိသားစုနဲ့တွေ့မယ်ဆိုတော့ ပျော်စရာ ကောင်းပေမဲ့ အန်တီမပျော်ပါဘူး။ ကိုယ့်သမီးအရွယ်လေးတွေ၊ ကိုယ့်မြေး အရွယ်လေးတွေ ထောင်ထဲမှာ အများကြီးကျန်ခဲ့တာ။ သူတို့လေးတွေလည်း မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်မြောက်မြောက်နဲ့ တွေ့စေချင်တဲ့ဆန္ဒတွေ ရင်ထဲမှာရတာကိုး။ သူတို့နေတာတွေကိုကြည့်ပြီး စိတ်မကောင်းဘူး။ လွတ်စေချင်တာပေါ့။ ကျန်းမာရေးကတော့ အင်းစိန်ထောင်ထဲမှာ အန်တီ ၂ ခါ လဲထားတော့ အင်းစိန်ကထောင်က ကုပေးပါတယ်။ အသက်ကြီးတော့ သရက်ထောင်ကျတော့ အဲ့ဒီဒဏ်က အရိုးအတွေ ပြန်နာတာပေါ့။ သူတို့ဆက်ပြီး စားဆေး၊ လိမ်းဆေး၊ ထိုးဆေး အကုန်လုံး ကုသပေးပါတယ်။"

ဒေါ်ခင်အေးဟာ အင်းစိန်ထောင်မှာ ၁ နှစ်၊ သရက်ထောင်မှာ ၁ နှစ် နေခဲ့ရသူပါ။ သရက်ထောင်မှာ ၈၈ မျိုးဆက်ကျောင်းသူ မနီလာသိန်းနဲ့ မနီမိုလှိုင်တို့ ၂ ဦး ကျန်းမာရေး မကောင်းဘူးလို့ ဒေါ်ခင်အေးက ပြောပါတယ်။ ထောင်တွင်းကျန်းမာရေး စောင့်ရှောက်မှု လိုအပ်နေတဲ့အကြောင်းနဲ့ နိုင်ငံရေးအကျဉ်းသူ ၂ ဦး ကျန်းမာရေးမကောင်းကြောင်းကို မြင်းခြံထောင်က ပြန်လွတ်လာတဲ့ ဒေါ်မြင့်မြင့်သိန်းက ပြောပါတယ်။

"ကျန်းမာရေးနဲ့ပတ်သက်လို့ ဆေးဝါးနဲ့ ဆရာဝန်က လုံးဝအဆင်မပြေဘူး။ မြင်းခြံထောင် ဆရာဝန်က ကိုယ့်ဆီမှာ ဘာဆေးရှိလဲ အရင်မေးတယ်၊ ကိုယ့်ဆီမှာဆေးမရှိရင် တော်တော်အခက်အခဲဖြစ်တယ်။ မစန္ဒာနဲ့ မသက်သက်အောင်က ကျန်းမာရေးအခြေအနေမကောင်းဘူး။ သူတို့က အမြဲတမ်း ဆေးထိုးနေရတယ်။ ကျန်တဲ့ လူတွေက ကျန်းမာရေးကောင်းပါတယ်။"

မနေ့ကမှ အိမ်ပြန်ရောက်လာတဲ့ ဦးစိုးကြွယ်က မြစ်ကြီးနားထောင်က အကျဉ်းသားတွေရဲ့ ကျန်းမာရေးအခြေအနေနဲ့ ထောင်တွင်းကျန်းမာရေးစောင့်ရှောက်မှုကို ပြောပါတယ်။

"အကျဉ်းသားတွေကို ကျန်းမာရေးစောင့်ရှောက်မှုက လုံးဝညံ့ဖျင်းတယ်။ မြစ်ကြီးနားထောင်က ပြည်နယ်ထောင်ဆိုတော့ ထောင်ထဲမှာ ဆေးရုံမရှိတဲ့အပြင် ဆေးမှူးဆိုတာမရှိဘူး။ အကျဉ်းသားကို ဆေးမှူးအဖြစ်ထားတာကို ဦးလေးတို့က စမ်းသပ်ခံယူရတယ်။ မြို့နယ်က ဆရာဝန်က တလတခါ ဆေးစစ်ပေမဲ့ ဆရာဝန်က လက်မှတ်နဲ့ဝယ်ရတဲ့ဆေးကို ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်သုံးရတယ်။ ထောင်ကမပေးဘူး။ ဦးလေးတို့က သီးသန့်မှာ နေရတယ်ဆိုပေမယ့် ကျန်းမာရေးနဲ့ပြန်ကြည့်မယ်ဆိုရင် အလင်းရောင် မရတာ၊ လေကောင်း လေသန့်မရတာကြောင့် လူတိုင်း အနည်းနဲ့အများ ကျန်းမာရေးချို့ယွင်းမှုရှိတယ်။ နှလုံးသွေးကြောကျဉ်းတာတို့၊ နှလုံးရောဂါတို့ဖြစ်တဲ့သူများတယ်။ ဆေးရုံတက်တဲ့အထိ ဆိုးဆိုးဝါးဝါးဖြစ်တာကတော့ ကိုမျိုးခင် (ခေါ်) ကိုမုန်းခက်ပေါ့။ ကိုဇာဂနာလည်း ကျန်းမာရေးဆိုးဆိုးဝါးဝါးတော့ မရှိပါဘူး။ နှလုံးရောဂါသမားဆိုတာ အခု ကောင်းပေမယ့် တော်ကြာ ကောင်းချင်မှ ကောင်းတာ။"

မြစ်ကြီးနားထောင်မှာ ၉ လလောက် နေခဲ့ရပေမယ့် မိသားစုရဲ့ စီးပွားရေး အဆင်မပြေလို့ ထောင်ဝင်စာ ၂ ခါပဲ လာတွေ့နိုင်ခဲ့တယ်လို့ ဦးစိုးကြွယ်က ပြောပါတယ်။ ဦးစိုးကြွယ်ရဲ့သား ကိုညီညီမင်းကို မနှစ်ကသင်္ကြန်မှာ နိုးကမ်ပိန်းကြောင့် အာဏာပိုင်တွေက ဖမ်းဆီးခဲ့ပြီး အခုရခိုင်ပြည်နယ် ဘူးသီးတောင် ထောင်မှာ ၂ နှစ် ကျခံနေရပါတယ်။ လောင်စာဆီဈေးနှုန်းကျဆင်းရေး လမ်းလျှောက်ဆန္ဒပြမှုနဲ့ အာဏာပိုင်တွေက ရိုက်နှက်ဖမ်းဆီးထောင်ချခဲ့တာနဲ့ ပတ်သက်လို့ သရက်ထောင်က ပြန်လွတ်လာတဲ့ ဒေါ်ခင်အေးက ပြောပါတယ်။

"အန်တီတို့က ကားခမရှိလို့ လမ်းလျှောက်တာ။ နိုင်ငံတော်အစိုးရက လောင်စာဆီတွေ ဈေးတင်တော့ ကုန်ဈေးနှုန်းတွေတက်တယ်။ အဲ့ဒီလိုမျိုး အန်တီတို့ ပြောဆိုပြီး လမ်းလျှောက်တာကို အန်တီတို့ကို ဝိုင်းရိုက်ပြီး ကားပေါ်တင်တယ်။ ပုဒ်မတွေ အမျိုးမျိုးတပ်တယ်၊ တရားစွဲတယ်၊ ထောင်ချတယ်။ အန်တီတို့က နားလည်ခွင့်လွှတ်ပါတယ်။ အတိတ်က ဝဋ်ကြွေးလို့ပဲ သဘောထားတယ်။ အာဃာတ အလျှဉ်းမထားပါဘူး။"

---

# ကြံ့ဖွံ့အဖွဲ့မှ နှုတ်ထွက်ဘို့ ညွှန်ကြားနေ

**RFA ။ ဩဂုတ် ၂၅ ။** ။ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေး အသင်းက နိုင်ငံရေးပါတီတခုအဖြစ်နဲ့ ပါဝင်ယှဉ်ပြိုင်ဘို့အတွက် ခြေလှမ်းတခုအနေနဲ့ အစိုးရဝန်ထမ်းတွေကို အဖွဲ့ဝင်အဖြစ်ကနေ နှုတ်ထွက်ကြဘို့ နေပြည်တော်မှာ ညွှန်ကြားနေပြီဖြစ်တဲ့အကြောင်း သတင်းရရှိပါတယ်။

ဦးစီးအရာရှိတွေက ပြီးခဲ့တဲ့အပတ်ကနှုတ်မိန့်နဲ့ ခေါ်ပြောတာဖြစ်တဲ့အကြောင်းနဲ့ အဖွဲ့ဝင်ဖြစ်ခဲ့ကြတုန်းကလည်း လျှောက်လွှာတောင်မဖြည့်ရဘဲနဲ့ အဖွဲ့ဝင်တွေဖြစ်ခဲ့ရပြီး အခုနှုတ်ထွက်ဘို့ကိစ္စကြတော့လည်း စာနဲ့ပေနဲ့မဟုတ်ဘဲနဲ့ ပါးစပ်နဲ့ဒီလိုဘဲ ခေါ်ပြောလိုက်တာဖြစ်တယ်လို့ နေပြည်တော်ဝန်ကြီးဌာနရုံးချုပ်က အရာရှိတယောက်က RFA ကို အခုလိုပြောပြပါတယ်။

"ဝင်ရမယ်ဆိုတုန်းကလည်း အားလုံးက ဓာတ်ပုံလေးတွေဘဲပေးလိုက်ရပြီးတော့ ကိုယ့်ဟာကိုယ် လက်ထဲကဒ်ရောက်လာမှသာ ဩော် ငါ ကြံ့ခိုင်ရေး အသင်းဝင်ရောက်ပြီဆိုတာကို သိရတယ်လေ။ အဲဒါ အခုကျတော့ ထွက်ရမယ်ဆိုတော့လည်း သူတို့ကတရားဝင်စာထုတ်တာ ဘာညာတော့မရှိသေးဘူး။ ဒါပေမယ့် ပါးစပ်ကနေခေါ်ပြီးတော့ ကြံ့ခိုင်ရေးပါတီဝင်အဖြစ်ကနေ ထွက်ပေးကြပါဆိုတဲ့ဟာတော့ ပြောထားတာပေါ့။"

မိဘတွေကိုဘဲနှုတ်ထွက်ခိုင်းတာဖြစ်ပြီး သားသမီးတွေကိုတော့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင်တွေအဖြစ် ဆက်ပြီးထားပါလို့ ဆိုတာကြောင့် ခုလိုထွက်ခိုင်းပြီး နိုင်ငံရေးပါတီပေါ်လာရင် အဲဒီပါတီကိုမဲပေး ပေးရမယ်ဆိုတဲ့သဘောဘဲလို့ သူကဆက်ပြောပါတယ်။

"သူက ဒီကြံ့ခိုင်ရေးအတွက် ပြန်ပြီးမဲပေးဘို့အတွက် ကျမတို့က ကြံ့ခိုင်ရေးထဲကပြန်ထွက်ရတာပေါ့နော်။ ကြံ့ခိုင်ရေးကကျတော့ တခြားအသွင်ပြောင်းပြီးတော့ ရွေးကောက်ပွဲဝင်မှာဆိုတော့ အဲဒါကြောင့် ကျမတို့ကိုထွက်ခိုင်းတယ်။ ဒါပေမယ့် ကျမတို့ကထွက်ရပေမယ့် ကျမတို့ရဲ့သားသမီးတွေကိုကျတော့ ကြံ့ခိုင်ဝင်အနေနဲ့ဘဲ ဆက်ပြီးတော့ရှိစေ ရှိရတယ်ပေါ့နော်။"

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကို ၁၉၉၃ ခုနှစ်မှာ ဖွဲ့စည်းခဲ့တာဖြစ်ပြီး အစိုးရအမှုထမ်းတွေနဲ့ ကျောင်းသူကျောင်းသားတွေအားလုံးကို မဝင်မနေရ ဝင်ခိုင်းခဲ့ပါတယ်။ အဖွဲ့ဝင်အင်အား ၂၄ သန်းရှိတယ်လို့လည်း ကြေညာခဲ့ပါတယ်။ ခုလို ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင် အစိုးရအမှုထမ်းတွေကို နှုတ်ထွက်ခိုင်းနေသလို နေပြည်တော်က အစိုးရရုံးတွေမှာလည်း ဝန်ထမ်းမှန်သမျှ နိုင်ငံရေးကင်းရှင်းရမယ်ဆိုပြီး သတိပေးစာတွေ လိုက်လံကပ်နေတယ်လို့လည်း စုံစမ်းသိရပါတယ်။

# တိုင်းရင်းသား လက်နက်ကိုင် တပ်ပေါင်းစုက စစ်ရေးအရှိန် မြှင့်မည်

**DVB ၊ ဩဂုတ် ၂၄ ။** ။ စစ်အုပ်စုကို လက်နက်ကိုင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် မဟာမိတ်အဖွဲ့တခုက သူတို့ရဲ့ လက်နက်ကိုင်တိုက်ပွဲကို အရှိန်မြှင့်သွားမယ်လို့ ကြေညာလိုက်ပါတယ်။

အန်ဒီအက်ဖ်လို့ လူသိများတဲ့ အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု ဗဟိုအလုပ်အမှုဆောင်ကော်မတီရဲ့ မနေ့ကအထိ သုံးရက်ဆက်တိုက် အစည်းအဝေးကနေ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးဆုံးဖြတ်ချက်ထဲမှာ နယ်ခြားစောင့်တပ်အသွင် ကူးပြောင်းရေး လက်မခံတဲ့အပေါ် မူတည်ပြီး နအဖဖိအားပေးတာခံရတဲ့ အပစ်ရပ်အဖွဲ့တွေနဲ့ လက်တွဲဆောင်ရွက်သွားရေးကိစ္စကို ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအကြောင်းကို အန်ဒီအက်ဖ် အထွေထွေအတွင်းရေးမှူး မိုင်ဘုန်းကျော်က ရှင်းပြပါတယ်။

"နအဖ က နိုင်ငံရေးဘက်ပေါင်းစုံကနေ ဖိအားပေးနေတဲ့အချိန်မှာ အပစ်အခတ်ရပ်စဲရေး အဖွဲ့တွေရဲ့ ထောက်ခံမှုတွေ လုံးဝမရဘဲနဲ့ အပစ်အခတ်ရပ်စဲရေးအဖွဲ့နဲ့ ပျက်လုနီးပါးဖြစ်နေတဲ့ အချိန်မှာ နအဖ က နိုင်ငံရေးလှည့်ကွက်အနေနဲ့ ကျနော်တို့ တိုင်းရင်းသားတွေကို ပိုပြီး ထိုးစစ်တွေ ဆင်လာမယ်။ အဲ့ဒါကို ကျနော်တို့ ဘယ်လိုပြန်ပြီးခုခံကာကွယ်မလဲ။ တရားတဲ့ ခုခံတော်လှန်ရေးကို ဘယ်လိုအရှိန်မြှင့်လုပ်ဆောင်ကြမလဲဆိုတဲ့ အဓိကစစ်ရေးလုပ်ငန်း စီစဉ်ပြင်ဆင်မှုတွေ ကျနော်တို့ ဆွေးနွေးဖြစ်ပါတယ်။"

ဒီအစည်းအဝေးရဲ့ ထုတ်ပြန်ကြေညာချက်မှာ နအဖစစ်အုပ်ရဲ့နယ်ခြားစောင့်တပ် အဆိုပြုချက်ကို ငြင်းပယ်ခဲ့တဲ့ အပစ်ရပ်အဖွဲ့တွေရဲ့ ရပ်တည်ချက်ဟာ အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုရဲ့ ရပ်တည်ချက်နဲ့ တထပ်တည်း ရှိတယ်လို့ ထုတ်ပြန်ထားပါတယ်။ အပစ်ရပ်တိုင်းရင်းသားအဖွဲ့တွေဟာ မိမိနေထိုင်ရာ ပြည်နယ်ဒေသမှာ ရပ်တည်နိုင်ရမှာဖြစ်ပြီး ကိုယ့်အမျိုးသားပြည်သူကို ကာကွယ်စောင့်ရှောက်ရမယ်လို့ ဆိုလိုတာပါ။ ကချင်လွတ်လပ်ရေးအဖွဲ့က တောင်းဆိုတဲ့ ကချင်ပြည်နယ်လုံခြုံရေးတပ်ဖွဲ့စည်းရေး၊ ဝပြည် သွေးစည်း ညီညွတ်ရေးပါတီရဲ့ဝအမျိုးသားပြည်နယ် အစိုးရဖွဲ့စည်းမှုနဲ့ လက်အောက်ခံတပ်ဖွဲ့စည်းမှုကို ထောက်ခံတယ်လို့ ရေးထားပါတယ်။ နယ်ခြားစောင့်တပ် အသွင် ပြောင်းလဲရေးကို လက်မခံတဲ့ အပစ်ရပ်တိုင်းရင်းသားတွေရဲ့ ရပ်တည်ချက်ကို ထောက်ခံကြောင်း မိုင်ဘုန်းကျော်က ပြောပါတယ်။

"အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုအနေနဲ့ နအဖနယ်ခြားစောင့်တပ်အသွင် ပြောင်းရေး၊ ပြည်သူ့စစ်အသွင် ပြောင်းရေးဆိုတဲ့ကိစ္စတွေကို လက်မခံဘဲနဲ့ ကိုယ့်အမျိုးသားနိုင်ငံရေးအပေါ်မှာ ရပ်တည်တဲ့ ညီနောင် အပစ်အခတ်ရပ် စဲရေးအဖွဲ့တွေကို ကျနော်တို့ လှိုက်လှိုက်လှဲလှဲထောက်ခံတယ်၊ တကယ့်ကို ဂုဏ်ယူလေးစားတယ်။ နအဖစစ်အုပ်စုကို ကျနော်တို့ တိုင်းရင်းသားအခွင့်အရေးတွေ မရမချင်း နိုင်ငံရေးနည်းလမ်းအရ၊ စစ်ရေးနည်းလမ်းအရ နည်းလမ်းပေါင်းစုံနဲ့ဆက်လက်တိုက်ပွဲဝင်မယ်လို့ ပြောချင်ပါတယ်။"

တိုင်းရင်းသားတွေရဲ့အခွင့်အရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အာမခံချက်ရရှိအောင် ပူးတွဲလုပ်ဆောင်ကြဖို့ ပြည်တွင်းက အပစ်ရပ်အဖွဲ့တွေကို အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု အထွေထွေအတွင်းရေးမှူး မိုင်ဘုန်းကျော်က တိုက်တွန်းပါတယ်။ စစ်ရေးအရှိန် မြှင့်တင်မယ်ဆိုတဲ့အပေါ် လက်ရှိအနေအထားအရ ဖြစ်နိုင်မလားဆိုတာနဲ့ ပတ်သက်ပြီး မိုင်ဘုန်းကျော်က ပြောပါတယ်။

"အခုလက်ရှိ ကမ္ဘာ့နိုင်ငံရေးအခြေအနေအရ လက်နက်ကိုင်တော်လှန်ရေး ထောက်ခံမှုက လျော့နည်းလာတယ်ဆိုတာ မှန်ပေမယ့်လည်း တိုင်းရင်းသားအခွင့်အရေးကို တရားတဲ့ခုခံစစ်နဲ့ ကျနော်တို့ ကာကွယ်သွားရမယ်။ နအဖစစ်အုပ်စုက ကျနော်တို့ကို ဘယ်လိုပဲ ဖိနှိပ်ပစေ ကျနော်တို့ရဲ့လက်နက်၊ ကျနော်တို့ရဲ့ အမျိုးသားနိုင်ငံရေး မရသရွေ့ လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက်ဆင်နွှဲနေမယ်။ အခုလည်း မဒတအဖွဲ့ဝင် အဖွဲ့အစည်းဖြစ်တဲ့ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တွေ၊ ကရင်နီလက်ကိုင်တပ်ဖွဲ့တို့၊ ရှမ်းတောင်ပိုင်းလက်နက်ကိုင်တပ်ဖွဲ့တို့က နအဖနဲ့ အမြဲတမ်းတိုက်ပွဲတွေဖြစ်နေတယ်၊ ရန်သူ နအဖရဲ့စစ်ခေါင်းဆောင်တွေ အမြဲတမ်းတိုက်ပွဲမှာ ကျနေတယ်ဆိုတာတွေ အမြဲတမ်းကြားသိရပါတယ်။"

ဒီတပ်ပေါင်းစုမှာ ရခိုင်လွတ်မြောက်ရေးပါတီ၊ ကရင်အမျိုးသားအစည်းအရုံး၊ ချင်းအမျိုးသားတပ်ဦး၊ လားဟူဒီမိုကရက်တစ်ယူနီယံ၊ ပအို့ဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးနဲ့ ဝအမျိုးသားအဖွဲ့ချုပ်တို့ စုပေါင်းဖွဲ့စည်းထားပါတယ်။

# လှည်းကူး ပုဂ္ဂလိကပိုင် အရက်ချက်စက်ရုံ မီးလောင် ဆုံးရှုံးမှုများ

**DVB ၊ ဩဂုတ် ၂၃ ။** ။ ရန်ကုန်တိုင်း လှည်းကူးမြို့မှာ မနေ့ ညနေပိုင်းက ပုဂ္ဂလိကပိုင် အရက်ချက်စက်ရုံ မီးလောင်းကျွမ်းပြီး လူအသေအပျောက်နဲ့ပစ္စည်း ဆုံးရှုံးမှုများတယ်လို့ ပြောပါတယ်။

ရန်ကုန်တိုင်း လှည်းကူးမြို့မှာ မနေ့ ညနေပိုင်းက အိုင်ဘီတီစီ ကုမ္ပဏီပိုင် နာမည်ကြီး အမှတ်တံဆိပ်ဖြစ်တဲ့ ဂရင်းရှိုင်ရယ် ဝီစကီအရက်ချက်စက်ရုံ တရုံလုံး မီးလောင်သွားတယ်လို့ သိရပါတယ်။ မီးစတင် လောင်ခဲ့တာဟာ လောင်စာဆီများထည့်ထားတဲ့ ဂစ်အိုးမှ စတင်ပေါက်ကွဲတာဖြစ်တယ်လို့ သိရပါတယ်။ ဂက်စ်အိုးမှစတင်ခဲ့တဲ့မီးဟာ ပေါက်ကွဲဖို့လွယ်ကူတဲ့ အရက်စည်များဆီကို ကူးစက်သွားပြီး မီးလောင်အား ပိုမိုပြင်းထန်လာတာလို့ပြောပါတယ်။ အိုင်ဘီတီစီ ကုမ္ပဏီက တာဝန်ရှိသူတဦးက မီးလောင်တယ်ဆိုတာ အတည်ပြုပြောပေမယ့် ဘယ်နေရာ စလောင်တယ်ဆိုတာ အတည်ပြုလို့ မရသေးဘူးလို့ပြောပါတယ်။

"အဲ့ဒါမနေ့က ၆ နာရီလောက်မှာ လောင်တာတဲ့။ မနေ့ ညနေလောက်ကတည်းက စလောင်နေတာတဲ့ ဘွိုင်လာကလို့လည်း ပြောသံကြားတယ်။ သူ့ဟာလောင်စာများတာကိုး။ အရက်ချက်တဲ့ ကုန်ကြမ်းက အဆီပေါ့။ တချို့ကလည်း ရှော့ခ်ဖြစ်တာတို့ ဘာတို့ပြောတယ် အတိအကျမသိသေးဘူး။"

ညနေ ၆ နာရီကျော်လောက်က စတင်လောင်ခဲ့ပြီး ည ၁၂ နာရီကျော်တဲ့အထိ ဆက်လက်လောင်နေတယ်လို့ သိရပါတယ်။ အနည်းဆုံး အမေရိကန်ဒေါ်လာ ၇ သန်းနီးပါး၊ အရက်ချက်သုံးပစ္စည်းတွေနဲ့ကုန်ကြမ်းတွေ ဆုံးရှုံးသွားတယ်လို့ စုံးစမ်းသိရပါတယ်။ မီးသတ်ကားအစီး သုံးဆယ်ကျော်က မီးငြိမ်းသတ်ခဲ့ပေမယ့်စက်ရုံ တရုံလုံးမီးလောင်သွားတယ်လို့ အဆိုပါ အိုင်ဘီတီစီကုမ္ပဏီက တာဝန်ရှိသူတဦးက ပြောပါတယ်။

"အစီး ၃၀ ကျော်လောက်နဲ့ ပက်ရတယ်လို့ ပြောတယ်။ ၁၂ ကျော်လောက်မှ ငြိမ်းတယ်ထင်တယ်။" လှည်းကူးမြို့နယ် မီးသတ်တပ်ဖွဲ့ကို ဆက်သွယ်ဖို့ကြိုးစားပေမယ့် မရခဲ့ပါဘူး။ ဘွိုင်လာအိုးတွေက တဆင့် အရက်စည်တွေဆီကိုမီးကူးစက်သွားတာကြောင့် မီးလောင်အားပြင်းထန်ပြီး မီးငြိမ်းသတ်နေတဲ့ မီးသတ်မော်တော်ယာဉ်ကိုပါ ကူးစက်လောင်သွားတယ်လို့ လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့က တာဝန်ကျအရာရှိတဦးက ပြောပါတယ်။ မီးလောင်မှုကြောင့် ဆုံးရှုံးမှုပမာဏကို မပြောနိုင်သေးပေမယ့် ယခုချိန်ထိ လူသုံးဦးသေဆုံးပြီး တဦးပျောက်ဆုံးကြောင်းနဲ့ မီးလောင်စဉ်မှာ ဒဏ်ရာရထားတဲ့ အနည်းဆုံးလူခြောက်ဦးကို ဆေးရုံတင်ထားရတယ်လို့ ရဲအရာရှိက ပြောပါတယ်။

"ပျက်ဆီးဆုံးရှုံးမှုတွေက အတိအကျ မရသေးပါဘူး။ ကျနော်တို့လည်း အဲဒါကို စီစစ်ဆဲပဲ ရှိပါသေးတယ်။ လူ ၃ ယောက်သေတယ်၊ ၁ ယောက်ပျောက်ဆုံးနေတယ်၊ တစီးလောင်သွားတယ်ဗျ။ ဒဏ်ရာရတဲ့လူ ၆ ယောက်ရှိမယ်၊ စက်ရုံကဝင်း ၂ ဝင်းထဲက ၁ ဝင်း လောင်သွားတယ်။"

အိုင်ဘီတီစီ ကုမ္ပဏီဟာ မြန်မာနိုင်ငံရဲ့အရက်ဈေးကွက်မှာ နေရာများစွာ ယူထားပါတယ်။ အိုင်ဘီတီစီကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်ဟာ မြန်မာနေရှင်နယ်လိဂ် ဘောလုံးအသင်းတွေထဲက ပဲခူးတိုင်းကိုယ်စားပြု ဥဿာယူနိုက်တက်အသင်းကို တည်ထောင်သူ ဖြစ်ကြောင်း သိရပါတယ်။

# လူထုလှုပ်ရှားမှုနှင့် ဒီမိုကရေစီပြောင်းလဲခြင်းဖြစ်စဉ်

အပိုင်း–၂

ခင်မမမျိုး

**ယခင်ပတ်မှအဆက်**

Initial democratization စတင်သွားပြီဆိုရင်လည်း လူထုလှုပ်ရှားမှုတွေက တခြားအသွင်သဏ္ဌာန်တွေနဲ့ ဆက်ရှိနေရမှာဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာကနဦး ဒီမိုကရေစီစတင်ပြီးတဲ့အခါ နိုင်ငံတည်ဆောက်မယ့်ခေါင်းဆောင်တွေ ပေါ်ထွက်နေပြီအထင်နဲ့ လူထုလှုပ်ရှားမှုက အားနည်းသွားပါတယ်။

ဒါပေမယ့် ဒီခေါင်းဆောင်တွေက လူထုရဲ့အနာဂါတ်၊ ဘဝတိုးတက်မှုကိုဖန်တီးအားထုတ်တာမပြုလုပ်ဘဲ အာဏာလုမှုတွေ၊ ကိုယ်ကျိုးရှာမှုတွေ၊ ပြုလုပ်လာတာလည်း ရှိနေတတ်ပါတယ်။ ဒါဟာ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်မှာတင်မဟုတ်ပါဘူး၊ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်တိုင်းမှာ ဖြစ်လေ့ရှိပါတယ်။ အာရှနဲ့အာဖရိကနိုင်ငံတွေမှာ ကိုလိုနီအစိုးရလက်အောက်က လွတ်မြောက်ကာစမှာ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာခဲ့တဲ့ အစိုးရတွေမှာလည်း ဖောက်ပြန်တဲ့ခေါင်းဆောင်တွေ အများကြီးပေါ်ထွက်ခဲ့ဘူးပါတယ်။

အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ပြောင်းလဲမှုဖြစ်စဉ် ကနဦးအစမှာလည်း လှုပ်ရှားမှုမှာပါဝင်ခဲ့တာကို အခွင့်ကောင်းယူပြီး ခေါင်းဆောင်နေရာလုဘို့ကြိုးစားသူတွေ၊ အာဏာရှင်ဘက်တော်သားဟောင်းတွေထဲက အုပ်ချုပ်ရေး၊ တည်ဆောက်ရေးယန္တရားထဲမှာ ကျန်ရစ်ခဲ့သူတွေနဲ့ ဒီမိုကရေစီဘက်တော်သားတွေအကြားက ပဋိပက္ခတွေ၊ နိုင်ငံရေးသမားအချင်းချင်း စောင်းမြောင်းတိုက်ခိုက်မှုတွေ၊ ငွေကြေးအရှုပ်အရှင်းတွေ၊ စတဲ့ အထွေထွေပြဿနာတွေဟာ ပေါ်ပေါက်လာမှာဘဲဖြစ်ပါတယ်။

ဒါပေမယ့် ဒီမိုကရေစီစနစ်ဆိုတာ လူထုဆီက အာဏာသက်ဆင်းတဲ့ စနစ်ဖြစ်တာကြောင့် ဒီလိုပြဿနာတွေကို လွတ်လပ်ပွင့်လင်းတဲ့မီဒီယာတွေ၊ အာဏာရနိုင်ငံရေးပါတီတွေကို တခြားပါတီနဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေက ပြန်လှန်စောင့်ရှောက်မှုတွေ၊ လာဒ်ပေးလာဒ်ယူကိစ္စတွေကို ထိန်းချုပ်နိုင်တဲ့ အုပ်ချုပ်ရေးယန္တရားတွေနဲ့ ဖြေရှင်းသွားနိုင်မှာဖြစ်တယ်။

ဒီမိုကရေစီဆိုတာ စနစ်တခုဖြစ်ပြီး ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်ဆိုတာက တခြားစနစ်တွေကနေ ဒီမိုကရေစီစနစ်ကို ပြုပြင်တည်ဆောက်တဲ့ ဖြစ်စဉ်တရပ်သာဖြစ်ပါတယ်။ အာဏာရှင်စနစ်နဲ့ကွာခြားတာက အာဏာရှင်စနစ်ကို လူတွေရဲ့စိတ်နေစိတ်ထားတွေ၊ အတ္တတွေ၊ လောဘ၊ မောဟက ထိန်းချုပ်မောင်းနှင်ပြီး၊ ဒီမိုကရေစီစနစ်မှာကျတော့ စနစ်ရဲ့တန်ဘိုးတွေ၊ ယုံကြည်ချက်တွေက လူတွေရဲ့ အတ္တတွေ၊ လောဘ၊ မောဟ တွေကို ထိန်းချုပ်မောင်းနှင်တာဖြစ်တယ်။

အာဏာရှင်ဘက်တော်သားတွေက မကောင်းဘူးလို့ တထစ်ချပြောလို့မရသလို ဒီမိုကရေစီဘက်တော်သားတွေကိုလည်း သူတော်စင်တွေလို့ ဘယ်သူမှတတ်အပ်မပြောနိုင်ဘူး။ ပိုက်ဆံလက်ထဲမရှိခင်မှာ ဟိုလူ၊ ဒီလူ ကူညီဘို့စဉ်းစားသူတွေဟာ လက်ထဲပိုက်ဆံ တကယ်ရောက်လာတဲ့အချိန်မှာ ကိုယ့်အကျိုးနဲ့ကိုယ့်မိသားစုအတွက် ပိုပြီးဦးစားပေးကြတာဘဲ။ ဒါဟာအပြစ်ဆိုစရာမဟုတ်ဘူး။ လူ့သဘာဝဘဲဖြစ်တယ်။

ဒီလိုလူ့အတ္တတွေကို အာဏာရှင်ကတွန်းအားပေးတယ်၊ အာဏာရယူလိုစိတ်၊ အာဏာဆုပ်ကိုင်ထားလိုစိတ်၊ အာဏာနဲ့ပျော်မွေ့တဲ့စိတ်တွေဟာ အာဏာရှင်စနစ်ကတွန်းပို့ပေးတဲ့ စိတ်နေစိတ်ထားတွေဘဲဖြစ်တယ်။ ဒီမိုကရေစီစနစ်ကကျတော့ ဒီလိုလူ့အတ္တတွေကို ထိန်းချုပ်လိုက်တယ်။ လူအများဆန္ဒနဲ့ လူအများအကျိုးကိုဆောင်ရွက်ဘို့ လူအများကရွေးချယ်ထားသူတွေဟာ အများအကျိုးမကြည့်ဘဲ ကိုယ့်အတ္တနောက်ကိုဘဲ လိုက်နေတာကို ဒီမိုကရေစီစနစ်ကခွင့်မပြုဘူး။ ဒါကြောင့် လူထုတရပ်လုံးရဲ့ အနာဂါတ်တိုးတက်ရေးကို ပြည်သူလူထုအပေါ်မှာအခြေတည်တဲ့ ပြည်သူ့ဒီမိုကရေစီစနစ်ကသာ ဖော်ဆောင်ပေးနိုင်တာဖြစ်တယ်။

တချို့က နိုင်ငံရေးအတွေးအခေါ်နဲ့ ဘက်လိုက်မှုတွေမှာ လူကိုအခြေခံပြီးစဉ်းစားဆုံးဖြတ်တတ်ကြတယ်။ စနစ်ပေါ်အခြေခံမစဉ်းစားကြဘူး။ ဒီလိုလူမျိုးတွေဟာ ဒီမိုကရေစီအင်အားစုတွေထဲကလူတွေရဲ့ အားနည်းချက်တွေ၊ အတ္တတွေကိုတွေ့လာ သိလာတဲ့အခါကျတော့ ဒီမိုကရေစီလှုပ်ရှားမှုအပေါ် အထင်အမြင်လွဲလာတာတွေရှိတယ်။ ဒါဟာ လူအပေါ်မှာအခြေတည်စဉ်းစားမှု၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုတွေရဲ့ ရလာဒ်တွေဘဲဖြစ်တယ်။

လူ့စိတ်ဆိုတာ အင်မတန်ဆန်းကျယ်တယ်၊ အချိန်၊ နေရာ၊ အခြေအနေတွေဟာ လူတွေရဲ့စိတ်ကိုလွှမ်းမိုးနိုင်တယ်။ အခြေအနေအချိန်အခါအရ လူသတ်မှုကျူးလွန်သွားမိသူ အများစုဟာ မကျူးလွန်ခဲ့စဉ်တုန်းက လူအချင်းချင်း သတ်ဖြတ်တာဟာ မကောင်းဘူးလို့ လက်ခံခဲ့ကြသူတွေချည်းပါဘဲ။ ဒါပေမယ့် အသိတခုနဲ့မပြီးဘူး။ ဒါကြောင့် ထိန်းချုပ်ပေးဘို့ဥပဒေဆိုတာ ပေါ်လာတယ်။ ဒီမိုကရေစီဆိုတာလည်းဒီလိုဘဲ။ အစိုးရအုပ်ချုပ်ရေးယန္တရားနဲ့ ဒီယန္တရားထဲကလူတွေကို ထိန်းချုပ်ပေးတဲ့ စနစ်သာလျှင်ဖြစ်တယ်။

ဒီတော့ ဒီမိုကရေစီဘက်တော်သားတွေရဲ့စနစ်နဲ့ မကိုက်ညီနိုင်တဲ့အတ္တတွေ၊ လုပ်ရပ်တွေဟာလည်း ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် စလာတဲ့အခါမှာ စနစ်ကပြန်ထိန်းချုပ်သွားမှာဘဲဖြစ်တယ်။ စနစ်နဲ့မကိုက်ညီသူတွေကို စနစ်ကဖယ်ရှားပြစ်လေ့ရှိတာ ဓမ္မတာသာဖြစ်တယ်။ တိုင်းပြည်တခုမှာ စနစ်ဆိုးရှိနေရင် စနစ်ဆိုးနဲ့မကိုက်ညီသူတွေ ပြည်ပထွက်တာများပြီး brain drain ဆိုတဲ့ ဦးနှောက်ယိုစီးမှုပြဿနာဖြစ်လေ့ရှိတယ်။ စနစ်ကောင်းကိုပြန်တည်ဆောက်တဲ့အခါ brain gain ဖြစ်လာတတ်စမြဲပါ။ ဒီအခါမှာ စနစ်နဲ့မကိုက်ညီတဲ့လူတွေရဲ့ စိတ်တွေကို စနစ်ကပြုပြင်မှာဖြစ်သလို ပြုပြင်လို့မရသူတွေကလည်း စနစ်ကနေလွင့်ထွက်သွားမှာပါဘဲ။ ဒါကြောင့် လူတွေကိုကြည့်ပြီး စနစ်ရေးရာကို ဆုံးဖြတ်လို့မရဘူးဆိုတာ လူအများသိနားလည်ဘို့ လိုအပ်ပါတယ်။ ဒီလိုလူတွေရဲ့အာဏာ ငွေကြေးနဲ့ပတ်သက်ပြီး ဖောက်လွဲဖောက်ပြန်ဖြစ်တတ်တဲ့ သဘာဝတွေကို ထိန်းချုပ်နိုင်တဲ့ဒီမိုကရေစီစနစ်အမြစ်တွယ်ခိုင်မာဘို့အတွက် လူထုလှုပ်ရှားမှုတွေဟာအလွန်ဘဲအရေးကြီးပါတယ်။

## လူထုလှုပ်ရှားမှုနှင့် ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်

လူထုလှုပ်ရှားမှုတွေဟာ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် တလျှောက်လုံးမှာအလွန်ဘဲအရေးကြီးလှပါတယ်။ နိုင်ငံရေးပညာရှင်တွေက လူထုလှုပ်ရှားမှုတွေရဲ့အခန်းကဏ္ဍကို ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် အဆင့်ငါးဆင့်ခွဲပြီး ပုံဖော်ပြသကြပါတယ်။ ပထမအဆင့်ကတော့ ဆန့်ကျင်တော်လှန်ရေး resistance အဆင့်ဖြစ်ပါတယ်။ မိသားစုအတွင်းမှာ ဒီမိုကရေစီစနစ်ကျင့်သုံးခြင်းက အစပြုလို့ အာဏာရှင်စနစ်အမြစ်တွယ်နေတဲ့ ထုံးတမ်းစဉ်လာတွေကို ဆန့်ကျင်တာ၊ နိုင်ငံရေးလှုပ်ရှားမှုကွန်ယက်တွေ တည်ဆောက်တာတွေဖြစ်ပါတယ်။

အလုပ်သမား၊ ကျောင်းသား၊ တောင်သူလယ်သမား၊ ဘာသာရေးအဖွဲ့အစည်းတွေအပါအဝင် လူထုလူတန်းစား အလွှာမျိုးစုံအကြားမှာ ဒီမိုကရေစီပြောင်းလဲမှုကို ထောက်ခံအားပေးမှုရှိလာအောင် စည်းရုံးလှုံ့ဆော်ပေးရမှာ ဖြစ်ပါတယ်။ ဒီကနေတဆင့် အာဏာရှင်ဆန့်ကျင်ရေး ကွန်ယက်ကြီးကို တည်ဆောက်ရမှာဖြစ်ပါတယ်။ ဒီကွန်ယက်တည်ဆောက်မှုဟာ အဆုံးအဖြတ်ပေးမယ့် လူထုတိုက်ပွဲအတွက် အလွန်ဘဲအရေးကြီးပါတယ်။ ချီလီ၊ ပိုလန်၊ အာဂျင်တီးနားနိုင်ငံတွေမှာ ဘာသာရေးအဖွဲ့အစည်းတွေက ဒီမိုကရေစီလှုပ်ရှားမှုကွန်ယက်တွေကို ထောက်ခံပေးခဲ့ကြတယ်။ ကွန်ယက်ချိတ်ဆက်လှုပ်ရှားမှုတွေအတွက် အထောက်အကူပေးခဲ့တယ်။

**ရှေ့ပတ်ဆက်လက်ဖော်ပြပါမည်**

# အိုင်အယ်လ်အိုကို မတိုင်ကြားခင် ကလေးစစ်သားကို နအဖစစ်တပ်မှ ပြန်ပို့

**DVB ၊ ဩဂုတ် ၂၃ ။** ။ ညောင်လေးပင်က ကလေးစစ်သားမိဘတွေကို အိုင်အယ်လ်အို မတိုင်ဖို့နဲ့ ကလေးကိုလည်း ပြန်လာပို့နေပြီဆိုတဲ့အကြောင်း တပ်က ဆက်သွယ်လာတယ်လို့သိရပါတယ်။

စစ်သားစုဆောင်းရေးတပ်က ဒီလ ၁၁ ရက်နေ့က အတင်းအဓမ္မခေါ်သွားတာခံခဲ့ရတဲ့ ညောင်လေးပင်မြို့က ဆယ်တန်းကျောင်းသား မောင်ငြိမ်းချမ်းအောင်ရဲ့မိဘတွေကို ဒီနေ့ မနက်က ဆက်သွယ်လာတာပါ။ ဒီကလေးကို တပ်ထဲ အဓမ္မအသွင်းခံရတဲ့ကိစ္စ မနက်ဖြန် အိုင်အယ်လ်အိုကို တိုင်ဖို့လုပ်နေတုန်း တပ်က ဆက်သွယ်လာတာလို့ ပဲခူးမြို့ရှိ လမ်းပြကြယ်အဖွဲ့မှ ဦးအေးမြင့်ကပြောပါတယ်။

"အဆင့်မြင့်တပ်တွင်း တန်းမြင့်သင်တန်းကျောင်းတဲ့က ဗိုလ်ကြီးအောင်မျိုးက သူ့မိဘဆီကို ဖုန်းဆက်တယ်တဲ့။ အိုင်အယ်လ်အိုရုံးကိုတင်ပြတာ၊ တိုင်တာတို့မလုပ်ပါနဲ့ဦး၊ သူတို့ အခုကလေးကိုလာပို့နေပါပြီ၊ လမ်းခရီးမှာဆိုပြီး ဒီမနက် ဖုန်းဆက်တယ်လို့ ကလေးအမေက ပြောလို့ ကျနော်တို့သိရပါတယ်။"

ဒီလ ၁၁ ရက် နေ့က အသက် ၁၅ နှစ် အရွယ်ရှိ ဆယ်တန်းကျောင်းသား မောင်ငြိမ်းချမ်းအောင် ကျောင်းသွားစဉ် တပ်ကြပ်တယောက်က တပ်ထဲသွင်းဖို့ ခေါ်ဆောင်သွားတာပါ။ ခေါ်သွားသူက စစ်သားစုဆောင်းရေးတပ်က တပ်ကြပ်သူရအောင်၊ ကိုယ်ပိုင်နံပါတ်က ၇၂၀, ၈၂၆ ဖြစ်ပါတယ်။ တပ်သားသစ် စုဆောင်းပေးရင် ဆီ ၂ ပုံး၊ ဆန်တအိတ်၊ ငွေ ၁ သိန်းရတဲ့အပြင် ရာထူးပါ တိုးပေးတယ်လို့ဆိုပါတယ်။ မိဘတွေက ကလေးပျောက်လိုက်ရှာတာ မြစ်ကြီးနားအထိရောက်ခဲ့ပြီး နောက်ဆုံးလမ်းပြကြယ်အဖွဲ့ရဲ့ အကူအညီနဲ့ အိုင်အယ်လ်အိုကို တိုင်ဖို့ ပြင်နေတုန်း အခုလိုဆက်သွယ်လာတာ ဖြစ်ပါတယ်၊ အတင်းအကျပ် ခေါ်သွားတဲ့တပ်ကြပ်သူရအောင်ကို အရေးယူမယူ မသိရပေမယ့် ဆက်သွယ်ပြောကြားလာတဲ့ ဗိုလ်ကြီးရဲ့လုပ်ရပ်ကို ဦးအေးမြင့်က ကြိုဆိုပါတယ်။ ကလေးငယ်တွေ သွားလာရင်း တပ်ထဲအသွင်းခံနေရတဲ့ ဖြစ်ရပ်တွေအပေါ် လူ့အခွင့်အရေးပညာပေးဌာန မြန်မာနိုင်ငံက ကိုအောင်မျိုးမင်း က သူ့အမြင်ကိုပြောပါတယ်။

"ကလေးစစ်သားကိစ္စ မြန်မာပြည်မှာ လုံးဝမပပျောက်သေးတာ သေချာတယ်။ အခုနောက်ပိုင်းမှာ ကျောင်းသားတွေကို လမ်းပေါ်ကနေ ဆွဲသွားတဲ့သတင်းတွေရနေတယ်။ နအဖက တဘက်မှာ ကလေးစစ်သား ပပျောက်အောင်လုပ်ဆောင်နေတယ်ဆိုပြီး လက်တွေ့မှာ ဒီလိုမျိုးဖြစ်ပျက်နေတာက နိုင်ငံတော်မှာ ပြောနေတာတခြား၊ လက်တွေ့လုပ်နေတာ တခြားဖြစ်နေတယ်။ အခု နိုင်ငံတကာမှာ လက်နက်ကိုင်ပဋိပက္ခအတွင်းမှာရှိတဲ့ ကလေးရဲ့ အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးအရာရှိက ရုံးကလူတွေ လာတယ်လို့ ပြောပေမယ့် ဒီသတင်းတွေ သူတို့ သိမှာမဟုတ်ဘူး။ ဒီသတင်းတွေ နိုင်ငံတကာကသိဖို့၊ နအဖက ပြောနေပြီး လက်တွေ့မှာ အကောင်အထည်ဖော်ဆောင်ရွက်တာ မဟုတ်တဲ့အကြောင်းကို ကမ္ဘာက ဒီထက်ပိုသိအောင်လုပ်ဖို့လိုအပ်နေပါပြီ။"

ပြီးခဲ့တဲ့ ဇွန်လက စပြီး အခုအချိန်အထိ တပ်ထဲအဓမ္မသွင်းတာမျိုးတွေ လမ်းပြကြယ်အဖွဲ့ဆီရောက်လာတာ ၃၀ ကျော် ရှိနေပြီး မြန်မာပြည်တွင်းမှာ ကလေးစစ်သား ၂ သောင်းကျော် ရှိနေတယ်လို့ စောင့်ကြည့်လေ့လာသူတွေက ပြောပါတယ်။

# ဘိုကလေးက ရွာတချို့ကူညီထောက်ပံ့မှု မရ၍ အစားအစာ အခက်ကြုံနေရဆဲ

**DVB ၊ ဩဂုတ် ၂၆ ။** ။ ဘိုကလေးမြို့ အောက်ဘက်က ရွာတချို့မှာ ကူညီထောက်ပံ့မှု မရတော့တာကြောင့် စားနပ်ရိက္ခာအခက်ခဲအပြင် အခြားပြဿနာတွေပါကြုံတွေ့ နေရပါတယ်။

နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးဆိုးဝါးဝါးခံခဲ့ရတဲ့ ဧရာဝတီတိုင်း ဘိုကလေးမြို့ အောက်ဘက်ရွာတွေမှာ ပုဂ္ဂလိက ကူညီထောက်ပံ့မှုလည်းမရှိ၊ အန်ဂျီအိုတွေရဲ့ အကူအညီကိုလည်း မရတော့တဲ့အတွက် စားဝတ်နေရေးအခက်အခဲနဲ့ကြုံတွေ့နေရတာပါ။ အထူးသဖြင့် ဘိုကလေးမြို့နဲ့ တနာရီလောက် စက်လှေမောင်းရတဲ့ နုံးချောင်းကျေးရွာမှာ ရွာသားအများစု ဆန်ပြုတ်သောက်ရတဲ့ အခြေအနေအထိ ရှိနေတယ်လို့ အဲဒီရွာကို ကိုယ်တိုင် ရောက်ခဲ့တဲ့ ဘိုကလေးမြို့ခံတဦးက ပြောပါတယ်။

"တချို့က ၂ နပ်ကို တနပ် ပေါင်းစားတာရှိတယ်။ အလှူတွေက မရှိတော့ဘူး။ ဟိုတုန်းကဆိုရင် လစဉ်၊ အပတ်စဉ် ဝေတယ်။ အခုမလာတော့တာ ၁ လကျော်ရှိနေပြီ။ အန်ဂျီအိုတွေ၊ ဟိုတုန်းက ပံ့မှန်ဆင်းတဲ့ အဖွဲ့အစည်းတွေကလည်းတော်တော်များများ အောက်ဘက်မှာ ရပ်သွားတယ်။ ဒီအတိုင်းဆို ရှေ့လတွေမှာ ပိုဆိုးမယ်။"

စားဝတ်နေရေး အခက်ခက်တွေကြောင့် တချို့ကလေးငယ်တွေ အာဟာရချို့တဲ့တာတွေရှိတယ်လို့ ပြောပါတယ်။ နုံးချောင်းရွာတင်သာမက ဘိုကလေးမြို့ အောက်ဘက်ရွာတွေမှာလည်း အလားတူပြဿနာနဲ့ကြုံတွေ့နေရပြီး စားဝတ်နေရေးအခက်အခဲကြောင့် မြို့ပေါ် အလုပ်သွားရှာပြန်တော့လည်း မြို့ပေါ်မှာ အလုပ်ငှားရမ်းမယ့်သူ မရှိသလို ရေလုပ်ငန်းဖြစ်တဲ့ ငါး၊ ပုဇွန်ရှာတဲ့အခါမှာလည်း အဆင်မပြေကြဘူးလို့ အဲဒီဒေသခံက ပြောပါတယ်။

"လယ်ထဲမှာ ကြွက်တွေ သောင်းကျန်းလို့ လယ်သမားတွေက ပိုးသတ်ဆေးတွေချတော့ သားငါးတွေပြုန်းတီးကုန်တယ်။ ချောင်းမြောင်းတွေထဲမှာ သားငါးရှာစရာမရှိတော့ဘူး။ လုပ်စားစရာမရှိတော့ စားဖို့အတွက် တော်တော်အခက်အခဲဖြစ်လာတယ်။ အခု အလုပ်ခေါ်ရင် ပိုက်ဆံမပေးလည်း ဆန်၊ ဆီပေးပါဆိုပြီးလုပ်တာတွေလည်းရှိတယ်။"

အခုလို အစားအစာ ငတ်မွတ်နေတဲ့ဒေသခံတွေကို ထိထိရောက်ရောက် ကူညီဖို့နဲ့ ထိထိရောက်ရောက် မကူညီနိုင်ရင် နောက်မကြာခင်လပိုင်းမှာ ရာဇဝတ်မှုတွေပါ ဖြစ်လာနိုင်တယ်လို့ အဲဒီဘိုကလေးမြို့ခံက ပြောပါတယ်။

"အန်ဂျီအိုတွေ၊ နိုင်ငံတကာက ကူညီတဲ့လူတွေက တကယ်စားစရာမရှိတဲ့ သူတွေလက်ထဲ ထိထိမိမိရောက်ဖို့လိုပါတယ်။ အန်ဂျီအို အဖွဲ့အစည်းတွေကလည်း ကိုယ့်အကျိုးစီးပွားကြည့်ပြီး လခရလို့ ကိုယ်ကသာအဆင်ပြေနေကြတယ်။ တကယ့်တကယ် အောက်ခြေမှာ မစားရ၊ မသောက်ရ၊ တကယ်ငတ်တဲ့နေရာတွေ မရောက်ဘူးဖြစ်နေတယ်။ ဒီပုံစံနဲ့သွားရင် အောက်ရွာတွေ နောက် ၁ လ၊ ၂ လ လောက်ဆို လုယက် ခိုးဆိုးမှုတွေ တော်တော်ကို ဆိုးလာမယ်။"

မနှစ် မေလက တိုက်ခတ်ခဲ့တဲ့ နာဂစ်ဆိုင်ကလုံးမုန်တိုင်းကြောင့် ဧရာဝတီတိုင်းက လယ်မြေတော်တော်များများ ပျက်စီးခဲ့ပြီး အခုချိန်ထိ လယ်တွေကို ကောင်းကောင်း ပြန်မစိုက်နိုင်သေးလို့ အငှားလုပ်ချင်တဲ့ လက်လုပ်၊ လက်စား သမားတွေ အလုပ်လက်မဲ့ဖြစ်ကာ စားဝတ်နေရေး အခက်အခဲနဲ့ ကြုံတွေ့နေကြရတာဖြစ်ပါတယ်။

---

## ပြက္ခဒိန်မှ

**ဩဂုတ် ၂၈ ၊ DVB ။ ။** မြန်မာအတွက်အကောင်းဆုံးမှာ ဒီမိုကရေစီရမှု၊ အဆိုးဆုံးမှာ ၂၀၁၀ ရွေးကောက်ပွဲကိုထိုအတိုင်းလက်ခံရမှုသတင်းမေးခန်းတွင်ဦးဝင်းတင်မှပြော၏။

**ဩဂုတ် ၂၈ ၊ Irrawaddy ။ ။** နအဖသည် မြန်မာတိုင်းရင်းသား ဒီမိုကရက်တစ်တပ်ပေါင်းစု MNDAA သည် နအဖတပ်အား ပစ်ခတ်ကာ အနှစ် ၂၀ အပစ်ခတ်ရပ်ရပ်စဲခဲ့၏။

**ဩဂုတ် ၂၈ ၊ Mizzima ။ ။** လက်ရှိနှင့်သိပ်မကွာသည့် အမေရိကန်၏ မြန်မာပေါ်လစီသစ် မကြာမီထွက်မည်ဟု အမေရိကန်အမတ်များဆိုကြောင်း အဲန်အဲယ်လ်ဒီ ဦးအုန်းကြိုင်မှဆို၏။

**ဩဂုတ် ၂၈ ၊ DVB ။ ။** Jim Webb ၏ လုပ်ဆောင်မှုများသည် Obama အစိုးရ၏မူဟု မိမိမယူဆကြောင်း ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 449 Aug 26, 2009

for ...... ?



# နအဖသြဇာခံ ကိုးကန့်ခေါင်းဆောင်များဖြင့် ကိုးကန့်တပ်ဖွဲ့ ပြန်လည်ဖွဲ့စည်း

**NEJ၊ ဩဂုတ် ၂၆။** ။ မြန်မာနိုင်ငံ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် ကိုးကန့်တပ်ဖွဲ့ ပြန်လည်ဖွဲ့စည်းရန် ယမန်နေ့က လောက်ကိုင်မြို့တွင် အစည်းအဝေးတရပ် ခေါ်ယူကျင်းပခဲ့ပါတယ်။

လောက်ကိုင်မြို့အခြေစိုက် ဒေသကွပ်ကဲရေးစစ်ဌာနချုပ်ရဲ့ စေခိုင်းချက်အရ ယခင်ကိုးကန့်တပ်ဖွဲ့မှ ခွဲထွက်သွားတဲ့ ကွမ်းလုံအထူးတိုက်ခိုက်ရေးရဲတပ်ဖွဲ့မှ ခေါင်းဆောင်များ၊ ကိုးကန့်ဥက္ကဋ္ဌဖုန်ကျားရှင်တို့နှင့် သဘောထားကွဲခဲ့တဲ့ခေါင်းဆောင်များ အစည်းအဝေးတက်ရောက်ခဲ့ကြပါတယ်။ ၁၉၉၀ ခုနှစ်ကျော်ကာလများက ကိုးကန့်တပ်ဖွဲ့အတွင်း ဖုန်ညီအကိုနှင့် ရန်ညီအကို အာဏာလုတိုက်ပွဲများအတွင်း အရေးနိမ့်သွားသည့် ရန်မိုလျံ၊ ရန်မိုအန်း ညီအကိုဦးဆောင်တဲ့အဖွဲ့မှ ခေါင်းဆောင်များ၊ ဖုန်ကျားရှင်နဲ့သဘောထားကွဲလွဲပြီး နအဖ အကူအညီနဲ့ အာဏာသိမ်းဘို့ကြိုးစားခဲ့တဲ့ ဒု–ဥက္ကဋ္ဌပိုင်စုံချိန်၊ မင်ရွှေချန်၊ လျူကော်ရှီ စတဲ့ပုဂ္ဂိုလ်များနဲ့ အဖွဲ့သစ်ပြန်လည်ဖွဲ့စည်းရန် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြပြီး ဥက္ကဋ္ဌဖုန်ကျားရှင်၊ ညီတော်စပ်သူ ဖုန်ကျားဖု၊ သားများဖြစ်တဲ့ ဖုန်တာရွှင်၊ ဖုန်တာဖေ့တို့အား ဝရမ်းပြေးများအဖြစ် သတ်မှတ်လိုက်တယ်လို့ လောက်ကိုင်မြို့မှလာတဲ့ သတင်းများ အရသိရပါတယ်။

လောက်ကိုင်မြို့အား လောက်ကိုင်ဒေသ ကွပ်ကဲရေးစစ်ဌာနချုပ် ဒကစ လက်အောက်ခံတပ်ရင်းများအပြင် သိမ်နီအခြေစိုက် အမှတ် ၁၆ စစ်ဆင်ရေးကွပ်ကဲမှုစစ်ဌာနချုပ် စကခ မှ တပ်ရင်းအချို့ ဝင်ရောက်နေရာယူထိန်းချုပ်ထားပြီး ယခုအသစ်ပြန်ဖွဲ့စည်းမည့်အဖွဲ့ကို အကာအကွယ်ပေးထားသည်ဟု တရုတ်–မြန်မာနယ်စပ် စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ပြောပါတယ်။

“ပိုင်စုံချိန်တို့အဖွဲ့က ဖုန်ကျားရှင်တို့နောက်ပါသွားတဲ့တပ်ကို ပြန်လာဘို့ ပြောနေတယ်။ ဒီနေ့နောက်ဆုံးထားပြီး ဝင်လာခိုင်းတယ်။ မဝင်လာရင်တော့ ချမယ်ဆိုတဲ့သဘော။ ဖုန်ကျားရှင်တို့နောက်မှာလည်း ကိုးကန့်တပ်တွေကရှိနေတော့ အဲဒီတပ်တွေကို ပြန်အပ်ခိုင်းနေတယ်။” လို့ပြောပါတယ်။

၁၉၉၀ ဝန်းကျင်ကာလများက ကိုးကန့်တပ်ဖွဲ့အတွင်း ဖုန်ညီအကိုနှင့်ရန်ညီအကို အာဏာလုတိုက်ပွဲအစောပိုင်းတွင် ရန်အဖွဲ့မှအသာစီးရသော်လည်း ‘ဝ’ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်နှင့် ဖုန်ကျားရှင်၏သားမက်တော်စပ်သူ ဦးစိုင်းလင်း၏ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်–မိုင်းလား အဖွဲ့က ဝင်ရောက်ကူညီတိုက်ခိုက်ခဲ့သဖြင့် ဖုန်ညီအကိုများ ပြန်လည်အာဏာရရှိခဲ့ပြီး ရန်ညီအကိုမှာ အရေးနိမ့်ကာ နဝတ ရဲ့အကာအကွယ်ကို ယူခဲ့ရသည်။

ရန်ညီအကိုအဖွဲ့က ကွမ်းလုံခရိုင် အထူးတိုက်ခိုက်ရေးရဲတပ်ဖွဲ့အဖြစ် အမည်ပြောင်းပြီး ပြည်ထဲရေးဝန်ကြီးဌာနအောင်တွင် နေရသကဲ့သို့ Peace Myanmar Group (PMG) ကုမ္ပဏီအမည်ဖြင့် အရက်နှင့်သောက်ရေသန့် ထုတ်လုပ်နေသည်။ ယခုလ ၂၃ ရက်ညပိုင်းက ဖုန်ကျားရှင်၏နေအိမ်ကို ဝင်ရောက်စီနင်းရာတွင် အဆိုပါ ရန်အုပ်စုမှ ကွမ်းလုံအထူးရဲများ ပါဝင်လာသည်ကိုကြည့်လျှင် ဖုန်အမျိုးအနွယ်မိသားစုတို့ ထိန်းချုပ်ထားသည့် ကိုးကန့်တပ်ဖွဲ့အား ဖြိုခွဲရန် ရန်အမျိုးအနွယ်အုပ်စုနှင့် ပိုင်စုံချိန်၊ မင်ရွှေချန်၊ လျူကော်ရှီတို့ကို နအဖ က အသုံးချလိုက်ခြင်းဖြစ်သည်ဟု ကိုးကန့်တပ်ဖွဲ့များနှင့်နီးစပ်သူတဦးက ပြောပါတယ်။

“သူတို့တွေက အမျိုးသားရေးထက် ကိုယ့်ဆွေမျိုးမိသားစု ကောင်းစားရေးဘက် ပိုပြီးအလေးသာတယ်။ ရန်ကိုပိုင်းချလို့ အရေးနိမ့်တော့ နအဖ က ကောက်မွေးစားထားတယ်။ အခု အသုံးတည့်မယ်ထင်တော့ ကောက်ထုတ်သုံးလာတယ်။ ပြီးတော့ သူတို့တွေက မူးယစ်ဆေးဝါးတွေ၊ လက်နက်ကိစ္စတွေနဲ့ပတ်သက်နေတယ်။ အဲဒီအတွက် အချင်းချင်းစားခွက်လုပြီး ချနေကြတာ။ အခု ရန်အုပ်စုလည်း မူးယစ်ဆေးနဲ့မကင်းဘူး။ ရန်ထဲက အငယ်ဆုံးညီ ရန်မိုရှင်းဆိုတာ တရုတ်က ၁၉၉၃ မှာ သူ့ပြည်ထဲမှာ ဘိန်းဖြူတွေမိလို့ သေဒဏ်ပေးလိုက်သေးတယ်။” လို့ပြောပါတယ်။ ကိုးကန့်တပ်ဖွဲ့သည် ၁၉၈၉ ခုနှစ်၊ မတ်လတွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်ပြီး စစ်အစိုးရနှင့်ပထမဆုံး ငြိမ်းချမ်းရေးလုပ်ကာ ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ ၁ အဖြစ် သတ်မှတ်ခံထားရသည့် အဖွဲ့ဖြစ်သည်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


To

AIR MAIL

PRINTED MATTER